ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်၊ အင်္ဂါနေ့ (27-12-2011) (၆၉၈)

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

# ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ခိုအိချိရို ဂင်းဘ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော်  ဒီဇင်ဘာ  ၂၆

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်၌ ရောက်ရှိနေသည့် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ခိုအိချိရို ဂင်းဘ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**



## တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Takashi SAITO တက်ရောက်သည်။

## ကဏ္ဍစုံပူးပေါင်းဆောင်ရွက်

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ဂျပန်နိုင်ငံမှ အကူအညီပေးနိုင်မည့် နည်းလမ်းများရှာဖွေရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များအပေါ် အားပေးထောက်ခံ ကူညီသွားရေး၊ နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ရေးအပါအဝင် ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)



### ရင်းရင်းနှီးနှီး နှုတ်ဆက်

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ခိုအိချိရို ဂင်းဘအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

### လက်ခံတွေ့ဆုံ

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး မစ္စတာ ခိုအိချိရို ဂင်းဘ ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော် သံတမန် ဆောင်ဧည့်ခန်းမ၌ လက်ခံ တွေ့ဆုံစဉ်။** (သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့်

၂၇-၁၂-၂၀၁၁[အင်္ဂါနေ့]။

# မြန်မာ့ပညာရေးလောကပွံ့ဖြိုးတိုးတက်ဖို့ ...

နိုင်ငံတော်အစိုးရက ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကို ပြဋ္ဌာန်းလိုက်ပြီဖြစ်၍ များမကြာမီကာလများတွင် ကိုယ်ပိုင်ကျောင်းများ ပေါ်ထွက်လာတော့မည်ဖြစ်သည်။ ပညာရေးသည် နိုင်ငံအနာဂတ်အတွက် အခြေခံကျသည့် မဏ္ဍိုင်ဖြစ်သည်။ အခြေခံကို အခြေခံကျကျ စနစ်တကျဖော်ဆောင်မှသာ ကောင်းမွန်သော အနာဂတ်ဖြစ်လာမည်။ ပြဋ္ဌာန်းပေးထားသော ဥပဒေသည် လူငယ်လူရွယ်များ၏အနာဂတ်အတွက်သာ ဖြစ်သည်။

ကောင်းမွန်သော ပညာရေးစနစ်တစ်ရပ်ဖြစ်လာရန်အတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြဖို့သာဖြစ်သည်။ ကောင်းမွန်သော ပညာရေးစနစ်တစ်ရပ်ကို နိုင်ငံတော်ကချည်း လုပ်ပေးနေရုံဖြင့်မပြီးနိုင်။ လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်စုကျော်က နိုင်ငံတော်ကချည်းတာဝန်ယူခဲ့သည့် ပညာရေးစနစ်ကို ပြန်လည်သုံးသပ်ကြည့်နိုင်ပါသည်။ နိုင်ငံတကာတွင်လည်း အစိုးရပညာရေးသာမက ပုဂ္ဂလိကပညာရေးစနစ်များလည်း အမြောက်အမြားရှိသည်။ ထိုနိုင်ငံ ထိုစနစ်၏ တိုးတက်မှုများကိုလည်း လေ့လာသင့်ပါသည်။

စနစ်တစ်ခုကို ထူထောင်သောအခါ ပညာရေးသက်သက်သာမက စာရိတ္တနှင့် စိတ်ဓာတ်ရေးရာ အဘက်ဘက်က တိုးတက်ကောင်းမွန်သောစနစ်တစ်ခုဖြစ်ဖို့လိုပါသည်။ ကျန်းမာကြံ့ခိုင်မှုမဏ္ဍိုင်ကအစ အနုပညာအဆုံး အားလုံးပါဝင်ပါသည်။ လုပ်သာကိုင်သာ အခွင့်အလမ်းတစ်ရပ်ရရှိခဲ့သော်လည်း အခက်အခဲနှင့် အားနည်းချက်များလည်းရှိမည်ဖြစ်သည်။ သို့သော် အပြိုင်အဆိုင်ရှိလာမည်ဖြစ်၍ အားနည်းချက်များကိုပြုပြင် အားသာချက်များကို ရရှိအောင်ဝိုင်းဝန်းဖော်ဆောင်ကြတော့မည်မှာ အမှန်ဖြစ်သည်။

တည်ရှိပြီး အစိုးရကျောင်းများဘက်ကလည်း ပြောင်းလဲလာသော အခြေအနေကို မျက်ခြည်ပြတ်မခံဘဲ လိုက်ပါဆောင်ရွက်နိုင်ဖို့ ကြိုးစားကြရဦးမည်ဖြစ်သည်။ အစိုးရကျောင်းများမှာ အနေအထား၊ အခြေအနေအရ အခွင့်အလမ်းများစွာ ရှိသည်။ အားသာချက်များရှိသည်။ ဆရာ၊ ဆရာမများမှာ မူလကတည်းက စေတနာဆရာများဖြစ်၍ မေတ္တာ၊ ကရုဏာများထပ်ဆောင်းပါက အကောင်းချည်းသာဖြစ်သည်။ ပြဋ္ဌာန်းထားသော သင်ရိုးအဆင့်မှာလည်း မနိမ့်ချေ။ ကျောင်းသားအတွက် ခေတ်နှင့်အညီ နည်းစနစ်သာ သုံးဖို့လိုသည်။

နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ဖို့အတွက် ရင်လောက်တင်မှ ဒူးလောက်ကျမည်။ သင်ယူမှုပုံစံပြောင်းလဲမှုဒဏ်ကို ခံနိုင်ရန် မိဘများက တစ်ကျောင်းတည်းသာ ထားသည့်စနစ်ကို သိထားဖို့လိုသည်။ ဘက်စုံထူးချွန်သော ကျောင်းသားဖြစ်ဖို့ရာ အချိန်ပြည့်စာသင်ခန်းတွင်သာ အချိန်ကုန်သည့် အလေ့ကို ဖျောက်သင့်သည်။ ကျောင်းသားနှင့်မိဘမှာ မိမိအောင်မြင်ရေးသာ အဓိကထားသည်။ မိမိတစ်ဦးတည်းအကျိုးထက် အနာဂတ်အကျိုးကို ရည်မျှော်ရမည်။

ပညာရေးသည် နိုင်ငံအတွက် အထူးလိုအပ်သည့် အခြေခံအုတ်မြစ်ဖြစ်သည်။ ပညာရေးသည် နိုင်ငံအတွက်သော်လည်းကောင်း၊ မိသားစုအတွက်သော်လည်းကောင်း အရေးပါသည့်ဖွံ့ဖြိုးတိုးတက်ရေး ရင်းနှီးမြှုပ်နှံမှုဖြစ်သည်။ ငွေကြေးတတ်နိုင်သူများအတွက် လူတန်းစားတစ်ရပ်စနစ် မဖြစ်ဖို့လိုသည်။ စာမေးပွဲအောင်ဖို့၊ အမှတ်ကောင်းရဖို့ ရည်ရွယ်ချက်တစ်မျိုးတည်း မထားမိဖို့လိုသည်။ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သို့မောင်းနှင်ပေးရမည်ကို ရှာဖွေထားဖို့လိုသည်။

ထို့ကြောင့် မြန်မာ့ပညာရေးလောက ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျောင်းသား၊ မိဘ၊ ဆရာသာမက အစိုးရကျောင်းများနှင့် စီးပွားရေးအသွင်ဆောင်၍ ဖွင့်လှစ်မည့် ပုဂ္ဂလိကကျောင်းများတွင်လည်း တာဝန်ရှိလာပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ပုလဲသွယ်စပ်မျိုးစပါးပျိုးခင်းများ ကြည့်ရှု အရည်အသွေးအာမခံနိုင်သည့်အဆင့်အထိ စနစ်တကျထုတ်လုပ်ရေး မှာကြား

ရန်ကုန် ဒီဇင်ဘာ ၂၆

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဒီဇင်ဘာ ၂၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် စံပြစိုက်ပျိုးရေးအထူးဇုန်(၁)ရှိ ဒဂုံအင်တာနေရှင်နယ်လီမိတက် စိုက်ပျိုးရေးအထူးပြုကုမ္ပဏီသို့ရောက်ရှိရာ ကုမ္ပဏီဥက္ကဋ္ဌ ဦးဝင်းအောင်က ၂၀၁၁-၂၀၁၂ နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါး ၇၆၇ ဧက စိုက်ပျိုးရန်ဆောင်ရွက်ထားရှိမှုနှင့် ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းဧက ၁၀၀ စိုက်ပျိုး၍ စပ်မျိုးစပါးစေ့ထုတ်လုပ်ဖြန့်ဖြူးနေသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့များအပေါ် တောင်သူများယုံကြည်မှု အပြည့်အဝဖြင့် စိုက်ပျိုးနိုင်စေရေး၊ အရည်အသွေးကို အာမခံနိုင်သည့် အဆင့်အထိ စနစ်တကျ ထုတ်လုပ်ရေး မှာကြားသည်။

ယင်းနောက် ဒဂုံအင်တာနေရှင်နယ်လီမိတက် စိုက်ပျိုးရေးအထူးပြုကုမ္ပဏီ၏ မျိုးစေ့ထုတ် စိုက်ခင်းအတွင်း ပျိုးထောင်ထားသော ပုလဲသွယ် စပ်မျိုးစပါး မိဘလိုင်း အဖိုလိုင်း(R)၊ အမလိုင်း (A) တို့၏ ၁၂ ရက်သား သက်တမ်းရှိ ပျိုးခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နံနက် ၁၀ နာရီခွဲတွင် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် မြင့်ဇေယျာမိသားစု စိုက်ပျိုးရေးအထူးပြု ကုမ္ပဏီသို့ သွားရောက်ကြပြီး စက်ယန္တရားကြီးများဖြင့် မြေယာဖော်ထုတ်နေမှုများ၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံတို့မှ အရည်အသွေးမြင့်၊ အထွက်နှုန်းကောင်း ပုလဲသွယ်စပ်မျိုးစပါး မျိုးယှဉ်ပြိုင် သုတေသနစမ်းသပ်စိုက်ခင်းများနှင့် ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ခင်း ဧက ၃၀၀ စိုက်ပျိုးထုတ်လုပ်မည့်မြေနေရာ ပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။ မွန်းလွဲပိုင်းတွင် ရွာသာကြီးရှိ စက်မှုလယ်ယာဦးစီးဌာန အမှတ်(၃) လယ်ယာသုံး စက်ကိရိယာထုတ်လုပ်ရေး စက်ရုံသို့ သွားရောက်ကြပြီး အင်ဂျင်ဘလောက်တုံးအလုပ်ရုံ၊ ပုံဖိနှင့် သံဂဟေအလုပ်ရုံ၊ ဂီယာနှင့်ရှပ်အလုပ်ရုံ၊ စက်တပ်ဆင်ရေး အလုပ်ရုံများ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လယ်ယာသုံးစက်ကိရိယာများ အရည်အသွေးစံချိန်မီ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး၊ လယ်သမားများ၏ လိုအပ်ချက်များကို ကွင်းဆင်းလေ့လာပြီး လယ်သမားအကြိုက် ပြင်ဆင်ဆောင်ရွက်ပေးရေး၊ လယ်ယာလုပ်ငန်းခွင်အတွင်း စက်အပိုပစ္စည်းများနှင့် စက်ပြင်စခန်းများ ထူထောင်ပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဖြည့်တင်းဆောင်ရွက် ပေးရေးတို့ကို မှာကြား၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အောင်မြေယာတောင်သူပညာပေးဥယျာဉ်ခြံ စိုက်ကွင်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ဒဂုံအင်တာနေရှင်နယ်လီမိတက် စိုက်ပျိုးရေးအထူးပြုကုမ္ပဏီ၏ မျိုးစေ့ထုတ်စိုက်ခင်းတွင် ပျိုးထောင်ထားသော ပုလဲသွယ်စပ်မျိုးစပါး ပျိုးခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၇-၁၂-၂၀၁၁ (အင်္ဂါနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၄ | ၁။ | နိုင်ငံတော်သီချင်း |
| ၇း၀၅ | ၂။ | တရားတော် |
| ၇း၁၅ | ၃။ | ဓမ္မပူဇာတေး |
| ၇း၂၀ | ၄။ | မျိုးချစ်တပ်မတော် |
| ၇း၂၅ | ၅။ | မြန်မာ့ရှုခင်း |
| ၇း၃၀ | ၆။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၀ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၁။ | ဇာတ်လမ်းတို |
| ၈း၂၀ | ၁၂။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၄ | ၁။ | နိုင်ငံတော်သီချင်း |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | အမျိုးသားရေးတေးကဗျာ |
| ၄း၁၅ | ၄။ | မျိုးချစ်တပ်မတော် |
| ၄း၂၅ | ၅။ | မြန်မာ့ရှုခင်း |
| ၄း၃၀ | ၆။ | အလွမ်းတေးပန်းချီ ချစ်သူဆီ |
| ၄း၃၅ | ၇။ | အင်္ဂလိပ်စာသုတ |
| ၄း၄၅ | ၈။ | မြန်မာသံစဉ်ချိုနားဝင် |
| ၅း၁၀ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၃၀ | ၁၀။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း -၆၆)** |
| ၆း၀၀ | ၁၁။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၂။ | အမျိုးသားရေးတေးကဗျာ |
| ၆း၂၅ | ၁၃။ | Guide For You |
| ၆း၃၀ | ၁၄။ | အောင်မြင်ခြင်းလမ်းမ |
| ၇း၀၀ | ၁၅။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၈၄) (ဇာတ်သိမ်း)** |
| ၈း၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | အမျိုးသားရေးတေးကဗျာ |
| | ၁၈။ | ဒို့တာဝန်အရေး(၃)ပါး |
| | ၁၉။ | နိုင်ငံတကာသတင်း |
| | ၂၀။ | မိုးလေဝသသတင်း |
| | ၂၁။ | မွေးမြူသုတ |
| | ၂၂။ | ဟာသရုပ်စုံ |
| | ၂၃။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၄။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အမှတ်တရနေ့ရက်လေးများ (အပိုင်း-၂၄) (ဇာတ်သိမ်းပိုင်း)** |
| | ၂၅။ | Mini Series |

# ကျေးလက်ဒေသ ကိုယ့်အားကိုယ်ကိုး မီးရရှိရေးဆောင်ရွက်

ရေတာရှည် ဒီဇင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကြံသန္တယ်ကျေးရွာအုပ်စု မြောက်နန်ချွန်ကျေးရွာ၌ ကျေးရွာမီးလင်းရေးအတွက် ကိုယ့်အားကိုယ်ကိုးဆောင်ရွက်လျက်ရှိသည်။

မြောက်နန်ချွန်ကျေးရွာ၏ ရန်ကုန်-မန္တလေးကားလမ်းမကြီးဘေးတွင် (၁၀၀-ကေဗွီအေ)ထရန်စဖော်မာအထိုင်ချခြင်း၊ ကျေးရွာအတွင်း ကွန်ကရစ်မီးတိုင်များစိုက်ထူ၍ မီးလိုင်းဆွဲခြင်းတို့အား နိုဝင်ဘာ ၂ ရက်က စတင်ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)** အဆိုပါ မီးလင်းရေးလုပ်ငန်းများအား ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်း၍ မီးလင်းရေးရန်ပုံငွေထူထောင်ကာ ကော်မတီရန်ပုံငွေ သိန်း ၃၀၀ခန့် အကုန်အကျခံဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ လုပ်ငန်းပြီးစီးပါက အိမ်ခြေ ၁၅၀ ခန့် လျှပ်စစ်မီးသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။ (၅၇၈)



## မန္တလေးကုန်စည်ဈေးနှုန်း

(၂၆-၁၂-၂၀၁၁)

**ရွှေဈေး**

| | |
|---|---|
| အခေါက်ရွှေ(အဆင့်-၁) | ၆၉၀၀၀၀ |
| အခေါက်ရွှေ(အဆင့်-၂) | ၆၈၈၀၀၀ |
| ရွှေဒင်္ဂါး(ရွှေရည်မီ) | ၆၁၉၀၀၀ |

**ဆန်ဈေး (သန့်စင်ပြီး တစ်တင်းခွဲအိတ်ဈေးနှုန်း)**

| | |
|---|---|
| ပေါ်ဆန်းမွှေး | ၃၅၀၀၀ |
| ရွှေဘိုမနော် | ၂၆၀၀၀ |
| မဂျမ်းတော | ၂၈၀၀၀ |
| စောရှုပ်(ဟောင်း) | ၂၅၀၀၀ |
| စောရှုပ်(သစ်) | ၂၁၀၀၀ |
| ပေါ်ကွဲ(ဟောင်း) | ၂၂၀၀၀ |
| ပေါ်ကွဲ(သစ်) | ၁၉၅၀၀ |
| ဇီယာ(ဟောင်း) | ၂၁၅၀၀ |
| ဇီယာ(သစ်) | ၁၅၅၀၀ |
| ငစိန် | ၁၃၅၀၀/၁၄၀၀၀ |
| ဧရာမင်း(ဟောင်း) | ၂၅၀၀၀/၂၆၀၀၀ |
| သုခ-မတ္တရာ | ၁၂၅၀၀/၁၃၀၀၀ |
| ရွှေသွယ် | ၁၁၅၀၀/၁၂၀၀၀ |

**ဆီဈေး**

| | |
|---|---|
| ပဲဆီ | ၃၁၀၀/၃၆၀၀ |
| နှမ်းဆီ | ၂၃၅၀/၂၄၀၀ |
| ပန်းနှမ်းဆီ | ၂၆၀၀/၂၆၅၀ |
| နေကြာဆီ | ၂၃၀၀/၂၄၀၀ |
| မုန်ညင်းဆီ | ၂၇၀၀/၂၇၀၀ |
| ပဲပုပ်ဆီ | ၁၉၀၀/၁၉၅၀ |
| ဝါစေ့ဆီ | ၁၇၀၀/၁၇၅၀ |
| စားအုန်းဆီ | ၁၈၀၀/၁၈၂၀ |
| ကြက်ဆူဆီ | ၃၀၀၀ |

**စက်သုံးဆီ**

| | |
|---|---|
| ရေနံစိမ်း(တစ်စည်) | ၁၀၇ ဒသမ ၅၀ ဒေါ်လာ |
| ဓာတ်ဆီ(တစ်ဂါလန်) | ၂၅၀၀/၄၄၀၀ |
| ဒီဇယ်ဆီ(တစ်ဂါလန်) | ၃၄၀၀/၃၆၀၀ |

**သကြားဒိုင်ဈေး**

| | |
|---|---|
| ခါသကြား | ၆၈၀/၆၉၀ |
| ပွတ်သား | ၅၃၀/၅၄၀ |
| ခါရေ | ၂၇၀/၂၈၀/၂၉၀ |
| ပေါင်းရေ | ၂၃၀/၂၅၀/၂၆၀ |

(၀၀၂)

# စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲများ မင်္ဂလာတောင်ညွန့်မြို့နယ်၌ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၆

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၏ လမ်းညွှန်မှု၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်မှု၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ဦးဆောင်မှု၊ မြို့နယ်ပညာရေးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့၏ ပေါင်းစည်းမှုဖြင့် ဒီဇင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိ မြို့နယ်အတွင်းရှိ အထက(၁)၊ အထက(၃)၊ အထက(၄)၊ အထက(၅)၊ အထက(၆)၊ အထက(၇)၊ အလက(၁)နှင့် အလက(၂) စုစုပေါင်းကျောင်းရှစ်ကျောင်းတို့တွင် ၁၃၇၃ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲများကျင်းပရာ မြို့နယ်အတွင်းရှိ စာရေးဆရာ၊ ဆရာမများဖြစ်ကြသည့် တက္ကသိုလ်စိုးယဉ်၊ ဒေါက်တာ သက်ဆွေ၊ ကိုရဲဇော်၊ ရေဦးမြင့်မောင်၊ ငယ်လေးမောင် (သပြေရုံ)၊ မေလှကျော်၊ ရဲဘော်ကျော်ဆန်း၊ မယဉ်ကျေး(မြန်မာ)၊ ရှုပါသိမ်း၊ စိုးဝင်းတင့် (ကော့သောင်း)နှင့် ဦးသောင်းလှိုင်တို့က သုတ၊ ရသစာပေရေးရာများကို ဟောပြောခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဦးဆောင်သောအဖွဲ့နှင့် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သောအဖွဲ့တို့ဆွေးနွေး ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ခိုအိချိရို ဂင်းဘ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန စတုရဂ်ဗလအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆွေးနွေး**

တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများသည် နှစ်နိုင်ငံအကြားရှိ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်နေမှုများအား တိုးမြှင့်ဆောင်ရွက်သွားရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)



**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ခိုအိချိရို ဂင်းဘ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးကြစဉ်။** (သတင်းစဉ်)

# ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သောအဖွဲ့ ပြန်လည်ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ခိုအိချိရို ဂင်းဘ ဦးဆောင်သော အဖွဲ့သည် ယနေ့ ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားရာ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူးချုပ် ဦးမောင်မောင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Takashi SAITO နှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)



**ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ခိုအိချိရို ဂင်းဘ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ် ။** (သတင်းစဉ်)

# ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ခိုအိချိရို ဂင်းဘ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ခိုအိချိရို ဂင်းဘ ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့သည် ယနေ့နံနက် ၈ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ နေပြည်တော်သို့ ရောက်ရှိလာကြရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြ သည်။

**ပူးပေါင်းဆောင်ရွက်ရေး**

ထို့နောက် ဧည့်သည်တော် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် ပါတီရုံးချုပ်ဧည့်ခန်းမ၌ တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပါတီအထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့်အတူ ဗဟို အလုပ်အမှုဆောင် ကော်မတီဝင်များတက်ရောက်ကြပြီး ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Takashi SAITO လည်း တက်ရောက်သည်။

(သတင်းစဉ်)

# စာကြည့်တိုက်အသင်းဝင် အဆိုပြုလွှာပေးအပ်

**တွံတေး ဒီဇင်ဘာ ၂၆**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန နှစ်ပတ်လည်နေ့ကို ဂုဏ်ပြု ကြိုဆိုသောအားဖြင့် တွံတေးမြို့နယ်ရှိ အထက(၁)နှင့် အထက(၂)တို့မှ ကျောင်း သား၊ ကျောင်းသူများ၏ စာကြည့်တိုက် အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲအခမ်း အနားကို ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်ရုံးခန်းမ၌ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူ ၂၅၅ ဦးတို့၏ အဆိုပြုလွှာကို ဆရာမများက ပေးအပ်ရာ စာထောက်(၃) ဒေါ်ဖြူဖြူဝင်းက လက်ခံ ရယူသည်။

ဆက်လက်ပြီး မြို့နယ်ရုံး စာကြည့်တိုက် ငွေပဒေသာပင် စိုက်ထူနိုင်ရေးအတွက် ငွေပဒေသာပင် ငွေကျပ် တစ်သိန်းကို ကျောင်းအုပ်ဆရာကြီး ဦးတင်ထွန်းက ပေးအပ်ရာ မြို့နယ်ဦးစီးမှူး ဦးသက်ဦးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)** (မြို့နယ်ပြန်/ဆက်)



# လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၌ ဒီဇင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် လူမှောင်ခိုနှင့် လူကုန် ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိ ပညာပေးဟောပြောပွဲကို စက်မှုဇုန်(၂)ရှိ Beautiful Island ကြိမ်ထုတ်လုပ်ရေး စက်ရုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်အရှေ့ပိုင်း ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးသူတင့်က အမှာစကား ပြောကြား ပြီး World Vision Myanmar မှ ဦးစောဒယ်နီရယ်က လူကုန်ကူးမှုနှင့် ပတ်သက်၍ ဆောင်ရွက်သည့် လုပ်ငန်း စဉ်များကိုလည်းကောင်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တရားသူကြီး ဒေါ်ခင်ဌေးဝင်းက အမျိုးသမီးများအား အကာအကွယ်ပေးသည့် ဥပဒေဆိုင်ရာ အကြောင်းကိုလည်းကောင်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ရဲတပ်ဖွဲ့မှ ဒုတိယ ရဲအုပ်မင်းလွင်က အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးဆိုင်ရာ အကြောင်းကို လည်းကောင်း ဟောပြော ကြသည်။

ယင်းနောက် အမျိုးသမီးရေးရာ သက်ငယ်အဖွဲ့ဝင် အဆိုပြုလွှာ ၃၀၀ ကို ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌထံသို့ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နွယ်နီခိုင်က ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး



# ပဲခူးမြို့နယ်တွင် မိုးစပါးစံကွက်ရိတ်သိမ်း

**ပဲခူး ဒီဇင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ထုံးကြီးကျေးရွာအုပ်စု ကွင်းအမှတ်(၁၁၀၆က) ဦးပိုင်အမှတ်(၁၀/၁) တောင်သူဦးတင်ပိုင်၏ မနော်သုခမိုးစပါး ၉ ဒသမ ၀၀ ဧကရှိ လယ်မြေတွင် ဒီဇင်ဘာ ၁၅ ရက်က ဒုတိယတိုင်းမြေစာရင်းဦးစီးဌာနမှူး ဦးသိန်းကျော်၊ ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးညဏ်စိန်၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးမင်းသော်တာ နှင့် မြို့နယ်ဆည်မြောင်းဦးစီးဌာနမှူး ဦးဝင်းဆွေနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး နှင့် ဒေသခံများ တက်ရောက်၍ စံကွက်ရိတ်သိမ်းမှုကို ကြည့်ရှုအားပေးပြီး တစ်ဧက အထွက်နှုန်း ၅၆ ဒသမ ၇၂ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)** (၄၀၃)

## နိုင်ငံတကာရုပ်ရှင် အနုပညာရုပ်ဝန်း

# တွမ်ခရုစ်၏ Mission: Impossible ဇာတ်ကား ပရိသတ်အားပေးမှုအများဆုံးနေရာတွင် ရပ်တည်

နာမည်ကျော်ဟောလိဝုဒ် အက်ရှင် မင်းသား တွမ်ခရုစ်၏ Mission: Impossible-Ghost Protocol **(ယာပုံ)** ဇာတ်ကားမှာ ပြီးခဲ့သည့် ရက်သတ္တပတ် အတွင်း အမေရိကန်နိုင်ငံနှင့် ကနေဒါ နိုင်ငံတစ်ဝန်း ရုပ်ရှင်ရုံများတွင် ပရိသတ် များ လာရောက်ကြည့်ရှုအားပေးမှုအများ ဆုံး နံပါတ်တစ်နေရာတွင် ရပ်တည်နိုင် ခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၅ သန်းရရှိခဲ့သည်ဟု အင်တာနက် သတင်းများတွင် ဖော်ပြသည်။

နံပါတ်နှစ်နေရာတွင် Warner Bros ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးခဲ့သည့် Sherlock Holmes: A Game of Shadows ဇာတ်ကားက ဝင်ငွေ အမေရိကန် ဒေါ်လာ ၁၇ ဒသမ ၈ သန်းဖြင့် လည်း ကောင်း၊ နံပါတ်သုံးနေရာတွင် ဟာသ ဇာတ်မြူး Alvin and the Chipmunks: Chipwrecked ဇာတ်ကားက ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၃ သန်း ဖြင့် လည်းကောင်း၊ နံပါတ်လေးနေရာ တွင် The Girl with the Dragon Tattoo ဇာတ်ကားက ဝင်ငွေ အမေရိကန် ဒေါ်လာ ၁၃ သန်းဖြင့် လည်းကောင်း



အသီးသီးရပ်တည်လျက်ရှိသည်။

နံပါတ်ငါးနေရာတွင် The Adventures of Tintin ဇာတ်ကားက ဝင်ငွေ အမေရိကန်ဒေါ်လာ ၉ ဒသမ ၁ သန်းဖြင့် လည်းကောင်း၊ နံပါတ်ခြောက်နေရာ တွင် We Bought a Zoo ဇာတ်ကားက ဝင်ငွေ အမေရိကန်ဒေါ်လာ ၇ ဒသမ ၈ သန်းဖြင့် လည်းကောင်း၊ နံပါတ် ခုနစ် နေရာတွင် New Year's Eve ဇာတ်ကား က ဝင်ငွေအမေရိကန်ဒေါ်လာ သုံးသန်း ဖြင့် လည်းကောင်း ရပ်တည်လျက်ရှိသည်။

နံပါတ်ရှစ်နေရာတွင် Arthur Christmas ဇာတ်ကားက ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ သန်း ဖြင့် လည်းကောင်း၊ နံပါတ်ကိုးနေရာ တွင် Hugo ဇာတ်ကားက ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၃ သန်းဖြင့် လည်းကောင်း၊ နံပါတ် ၁၀ နေရာတွင် The Muppets ဇာတ်ကား က ဝင်ငွေအမေရိကန်ဒေါ်လာ ၂ သန်း ဖြင့် လည်းကောင်း အသီးသီးရပ်တည် လျက်ရှိကြသည်။ **အင်တာနက်။**

**အောဝမ်းစိုး**

# မြို့တော်ပေကျင်း၌ ဂျပန်ဝန်ကြီးချုပ်နှင့် တရုတ်ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေး

ပေကျင်း ဒီဇင်ဘာ ၂၆

**ဂျပန်ဝန်ကြီးချုပ် ယိုရှီဟီကိုနိုဒါသည် ဒီဇင်ဘာ ၂၆ ရက်က မြို့တော်ပေကျင်း၌ တရုတ်ခေါင်းဆောင်များနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ကြောင်း သတင်းဌာနများက သတင်းထုတ်ပြန်သည်။**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီး ကွယ်လွန် အနိစ္စရောက်ခဲ့ပြီးနောက် ဒေသဆိုင်ရာ အိမ်နီးချင်းနိုင်ငံများ ဖြစ်ကြသော ဂျပန်နှင့် တရုတ်ခေါင်းဆောင်များ ဆွေးနွေးကြခြင်း ဖြစ်သည်။

တရုတ်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံ၏ မဟာမိတ် ဖြစ်သည်။

**တူညီသောအကျိုးစီးပွား**

ကိုရီးယားကျွန်းဆွယ်၌ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု ဖြစ်ပေါ်ရေးသည် မိမိတို့နှစ်နိုင်ငံစလုံး၏ တူညီသော အကျိုးစီးပွားဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် နိုဒါက ပြောကြားသည်။

ဂျပန်နှင့် တရုတ်နိုင်ငံတို့သည် စီးပွားရေးနှင့် နိုင်ငံပိုင်နက် နယ်မြေဆိုင်ရာ အငြင်းပွားမှုများဖြစ်ပေါ်ခဲ့ကြသော နိုင်ငံများ ဖြစ်ကြသည်။

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားအစီအစဉ် ဖျက်သိမ်းရေးဆိုင်ရာ ခြောက်နိုင်ငံဆွေးနွေးပွဲကို စောနိုင်သမျှ အစောဆုံး ပြန်လည်ကျင်းပနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက် သွားကြရန် ဝန်ကြီးချုပ် ဝမ်ကြားပေါင်နှင့် ဝန်ကြီးချုပ် နိုဒါတို့ သဘောတူညီခဲ့ကြကြောင်း စီစီတီဗွီနိုင်ငံပိုင် ရုပ်မြင်သံကြားဌာန က ကြေညာသည်။

**ဆင်ဟွာ။**



**ဒီဇင်ဘာ ၂၆ရက်က ဂျပန်ဝန်ကြီးချုပ် နိုဒါးနှင့် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ ဝူဘန်းဂိုတို့ တွေ့ဆုံဆွေးနွေး ကြစဉ်။**



**ပြင်သစ်နိုင်ငံရှိ ဒက်ဆော့ကုမ္ပဏီလုပ် စစ်လေယာဉ်တစ်စင်းကို တွေ့ရစဉ်။**

# ပြင်သစ်လုပ် ထောက်လှမ်းရေးလေယာဉ်များ တောင်ကိုရီးယား ဝယ်မည်ဟု ထုတ်ပြန်ကြေညာ

**ဆိုးလ် ဒီဇင်ဘာ ၂၆**

တောင်ကိုရီးယားနိုင်ငံသည် ရေဒီယိုသတင်းပို့ချက်များအား ကြားဖြတ်ဖမ်းယူနိုင်ပြီး ဒုံးလက်နက်ပစ်ခတ်မှုများနှင့် ပတ်သက်၍ ထောက်လှမ်းပေးနိုင်သော လေယာဉ်နှစ်စင်းကို ပြင်သစ်နိုင်ငံမှ ဝယ်ယူမည်ဖြစ်ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးပစ္စည်းဝယ်ယူရေးအေဂျင်စီက ဒီဇင်ဘာ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။



**ဝယ်ယူမည်**

တောင်ကိုရီးယားနိုင်ငံသည် ဖယ်လ်ကွန်-၂၀၀၀ အမျိုးအစား ထောက်လှမ်းရေးလေယာဉ်များကို ပြင်သစ်နိုင်ငံရှိ ဒက်ဆော့ ကာကွယ်ရေးနည်းပညာကုမ္ပဏီထံမှ ဝယ်ယူမည်ဖြစ်ကြောင်း သတင်းကြေညာချက်တွင် ဖော်ပြသည်။

တောင်ကိုရီးယားလေတပ်က လောလောဆယ် အသုံးပြုနေသော သက်တမ်းရင့် ထောက်လှမ်းရေးလေယာဉ်များ၏ နေရာတွင် ပြင်သစ်လုပ်ထောက်လှမ်းရေးလေယာဉ်သစ်များဖြင့် အစားထိုးမည်ဖြစ်သည်။

**အဆင့်အတန်းမြင့်**

ဖယ်လ်ကွန်-၂၀၀၀ အမျိုးအစား ထောက်လှမ်းရေး လေယာဉ်သည် တာဝေးပျံသန်းနိုင်ပြီး နည်းပညာအရ အဆင့်အတန်းမြင့်မားကြောင်း တောင်ကိုရီးယားတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံသည် ယခင်က အမေရိကန်လုပ် စစ်လက်နက်ပစ္စည်းများကို ဦးစားပေးဝယ်ယူခဲ့သည်။

**အင်တာနက်။**

# နေတိုးတပ်ဖွဲ့ဝင်များ ညဘက်စီးနင်းရှာဖွေမှုမပြုရန် အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်း သတိပေး

**ကဘူး ဒီဇင်ဘာ ၂၆**

အာဖဂန်နစ္စတန်နိုင်ငံ၌ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) ဦးဆောင်သော တပ်ဖွဲ့များက ညဘက် စီးနင်းရှာဖွေမှုများ မပြုလုပ်ရန် သမ္မတ ဟာမစ်ကာဇိုင်းက ထပ်မံတိုက်တွန်း လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဒီဇင်ဘာ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

နေတိုးတပ်ဖွဲ့ဝင်များသည် အာဖဂန်လူမျိုးများ နေထိုင်ရာ နေအိမ်များအတွင်းသို့ ညဘက်တွင် စီးနင်းဝင်ရောက် ရှာဖွေမှု မပြုလုပ်သင့်ကြောင်း သမ္မတ ဟာမစ်ကာဇိုင်းက ပြောကြား သည်။

အာဖဂန်နစ္စတန်ရှိ ပတ္တိကာ၊ ကန်ဒါဟာနှင့် ကာပီဆာ ပြည်နယ်များ၌ မကြာသေးမီက နေတိုးတပ်ဖွဲ့ဝင်များ၏ ညဘက် စီးနင်းတိုက်ခိုက်မှုများနှင့် လေကြောင်းမှ တိုက်ခိုက်မှုများကြောင့် အရပ်သားများ သေဆုံးခဲ့ရသည့် ဖြစ်ရပ်များနှင့်ပတ်သက်၍ အစိုးရကဖွဲ့စည်းပေးသော အဖွဲ့တစ်ရပ်က သုံးသပ်တွေ့ရှိချက် များကို သမ္မတထံ တင်ပြခဲ့ကြပြီးနောက် ဟာမစ်ကာဇိုင်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ နေတိုးတပ်ဖွဲ့ဝင်များက နေအိမ် များအား ညအိပ်ချိန် စီးနင်းရှာဖွေမှုများပြုလုပ်ခြင်းမှ ရပ်ဆိုင်း ပေးမှသာလျှင် မိမိ၏နိုင်ငံသည် အမေရိကန်နိုင်ငံနှင့် မဟာဗျူဟာ မြောက် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ကို လက်မှတ်ရေးထိုးနိုင် မည်ဖြစ်ကြောင်း ကာဇိုင်းက ပြောကြားသည်။

**ဆင်ဟွာ။**

# အယ်လ်ခိုင်ဒါခေါင်းဆောင်များ အာဖရိကဘက်သို့ ဦးလှည့်

**လန်ဒန် ဒီဇင်ဘာ ၂၆**

အယ်လ်ခိုင်ဒါခေါင်းဆောင်များသည် ယခုအခါ ပါကစ္စတန်နိုင်ငံကိုစွန့်ခွာကာ အာဖရိကမြောက်ပိုင်းဒေသ၌ အခြေစိုက် နေထိုင်ဖွယ်ရှိကြောင်း ဗြိတိန်တာဝန်ရှိသူများက ဒီဇင်ဘာ ၂၆ ရက်တွင် ပြောကြားသည်။

အိုစမာဘင်လာဒင်ကို အသေဖမ်းဆီးရမိခဲ့ပြီး နယ်စပ် ဒေသများတွင် ခိုအောင်းနေသော အယ်လ်ခိုင်ဒါ အဖွဲ့ဝင်များ အား အမေရိကန်က မောင်းသူမဲ့လေယာဉ်များဖြင့် ချေမှုန်း တိုက်ခိုက်နေခြင်းကြောင့် ယင်းအဖွဲ့အစည်း၏ ခေါင်းဆောင်များ သည် အာဖရိကတိုက်သို့ ရွှေ့ပြောင်းသွားကြသည်ဟု ယူဆရ ကြောင်း ဗြိတိန်တာဝန်ရှိသူများအား ကိုးကားလျက် သတင်းတွင် ဖော်ပြသည်။

**အင်တာနက်။**

# သြစတြေးလျလူမျိုး ကမ္ဘာလှည့်ခရီးသည်တစ်ဦး ဆေးမင်ကြောင်ထိုးရာမှ အိပ်ချ်အိုင်ဗွီကူးစက်ခံရဖွယ်

**ဘာလီ ဒီဇင်ဘာ ၂၆**

အင်ဒိုနီးရှားနိုင်ငံရှိ အပန်းဖြေကျွန်းဖြစ်သော ဘာလီ ကျွန်း၌ သြစတြေးလျလူမျိုး ကမ္ဘာလှည့်ခရီးသွားတစ်ဦးသည် ဆေးမင်ကြောင် ထိုးခဲ့ပြီးနောက် ခုခံအားကျဆင်းမှု ကူးစက် ရောဂါကို ဖြစ်ပေါ်စေသော အိပ်ချ်အိုင်ဗွီပိုင်းရပ်စ်ပိုးကို ကူးစက် ခံခဲ့ရဖွယ်ရှိကြောင်း သြစတြေးလျကျန်းမာရေးအာဏာပိုင်များက ပြောကြားကြောင်း သတင်းဌာနများက ဒီဇင်ဘာ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ဘာလီကျွန်းသို့ အပန်းဖြေခရီး သွားရောက်ခဲ့ကြပြီး ယင်းကျွန်း၌ နေထိုင်ချိန်အတွင်း ဆေးမင်ကြောင်ထိုးခဲ့ကြသူ သြစတြေးလျနိုင်ငံသားများသည် အိပ်ချ်အိုင်ဗွီပိုင်းရပ်စ် သို့မဟုတ် သွေးမှတစ်ဆင့် ကူးစက်ရရှိသော ဗိုင်းရပ်စ်ရောဂါများရှိ၊ မရှိ ကျန်းမာရေးစစ်ဆေးမှု ခံယူသင့်ကြောင်း ကျန်းမာရေးဌာနက အကြံပြုသည်။

ဘာလီကျွန်း၌ ဆေးမင်ကြောင်ထိုးခဲ့သည့် သြစတြေးလျ ခရီးသည်များသည် အိပ်ချ်အိုင်ဗွီပိုင်းရပ်စ် ကူးစက်ခံရဖွယ် ရှိကြောင်း သြစတြေးလျအနောက်ပိုင်း ကျန်းမာရေးဌာနက ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ဘာလီကျွန်း၌ ပြည့်တန်ဆာများအတွင်း အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ပိုး တွေ့ရှိရသူဦးရေသည် တစ်နှစ်အတွင်း ၁၉ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်ဟု အင်ဒိုနီးရှားအစိုးရ တာဝန်ရှိသူများက လွန်ခဲ့သည့်နှစ်တွင် ပြောကြားခဲ့သည်။

**အင်တာနက်။**

# ဘဂ္ဂဒက်မြို့ရှိ အီရတ် ပြည်ထဲရေးဝန်ကြီးရုံးကို အသေခံ ကားဗုံးခွဲတိုက်ခိုက် ခုနစ်ဦး သေဆုံး

**ဘဂ္ဂဒက် ဒီဇင်ဘာ ၂၆**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ပြည်ထဲရေးဝန်ကြီးဌာနရုံး အဆောက်အအုံကို တနင်္လာနေ့က အသေခံကားဗုံးခွဲ တိုက်ခိုက်ရာ အနည်းဆုံး လူခုနစ်ဦး သေဆုံးခဲ့သည်။

လွန်ခဲ့သည့်ရက်သတ္တတစ်ပတ်ခန့်က ရှီးယိုက်တို့ဦးဆောင် သည့် အစိုးရအဖွဲ့နှင့် ဆွန်နီခေါင်းဆောင်တို့အကြား မသင့်မြတ်မှု များ ပေါ်ပေါက်လာပြီးသည့်နောက် ဖြစ်ပွားခဲ့သော နောက်ဆုံး တိုက်ခိုက်မှုဖြစ်သည်။

**တွန်းအားပေး**

လွန်ခဲ့သည့် တနင်္လာနေ့က ရှီးယိုက်မျိုးနွယ် ဝန်ကြီးချုပ် နူရီအယ်လ်မာလီကီက ဆွန်နီမျိုးနွယ် ဒုတိယသမ္မတကို ဖမ်းဆီး ရန် ကြိုးပမ်းလာခြင်းနှင့် ၎င်း၏ ဆွန်နီလွှတ်တော်အမတ်များကို ဖယ်ရှားပစ်ရန် ပါလီမန်သို့ တောင်းဆိုခြင်းများကြောင့် လက်ကျန် အမေရိကန်တပ်ဖွဲ့များ နိုင်ငံမှထွက်ခွာသွားပြီးနောက် လူမျိုးစု ပဋိပက္ခအသစ်များ၊ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားလာစေ ရန် တွန်းအားပေးသကဲ့သို့ဖြစ်သည်။

ဘဂ္ဂဒက်မြို့အလယ်ပိုင်းရှိ ပြည်ထဲရေးဝန်ကြီးဌာနရုံး အပြင်ဘက် လုံခြုံရေးရဲတပ်ဖွဲ့ကင်းတဲကို အသေခံဗုံးခွဲသမားက ကားမောင်းဝင်၍ ဗုံးခွဲခြင်းဖြစ်သည်။ ဗုံးပေါက်ကွဲမှုကြောင့် လူများ သေဆုံး၍ အနီးအနားမှ မော်တော်ယာဉ်များ မီးလောင်ခဲ့သည် ဟု ရဲတပ်ဖွဲ့က ပြောသည်။

**ပစ်မှတ်ထား**

ဆွန်နီဒုတိယသမ္မတ တားရစ်အယ်လ်ဟာရှီမီကို လူသတ် အဖွဲ့ ဖွဲ့စည်းတည်ထောင်ကြိုးကိုင်မှုဖြင့်ဖမ်းဆီးရန် ပြည်ထဲရေး ဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ခဲ့သည့်အတွက် ၎င်းတို့ ဝန်ကြီးဌာနကို ပစ်မှတ်ထားသည်ဟု ယုံကြည်ရကြောင်း ရဲတပ်ဖွဲ့ အထက်တန်းအရာရှိတစ်ဦးက ပြောကြားသည်။

**ထုတ်ပြန်ကြေညာ**

အီရတ်အစိုးရအဖွဲ့ဝင်များနှင့် လုံခြုံရေးတာဝန်ရှိသူ များကို တိုက်ခိုက်ခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်းများသည် ဟာရှီမီ၏ ကိုယ်ရံတော် သက်တော်စောင့်များနှင့် ဆက်နွှယ်လျက်ရှိ သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

**အင်တာနက်။**



**ဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် အီရတ် ပြည်ထဲရေးဝန်ကြီးရုံးရှေ့၌ ရှုတ်ရှုတ်သဲသဲဖြစ်နေစဉ်။**

# လူထုစုပေါင်းလမ်းလျှောက်ပွဲ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ပါဝင်ဆင်နွှဲ ဧရာဝတီဂေါက်ကလပ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်၌ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ (စတုတ္ထပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲများကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၅ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးရှေ့စုရပ်၌ တာထွက်၍ စတင်ကျင်းပသည်။ စုပေါင်းလမ်းလျှောက်ပွဲသို့ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ ပုသိမ်ပညာရေးကောလိပ်မှ ကျောင်းသား၊ ကျောင်းသူများ၊ ပုသိမ်မြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ၊ သူနာပြုသင်တန်းကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျန်းမာရေးလေ့လာလိုက်စားကြသူ ပြည်သူလူထုများ စုစုပေါင်းအင်အား ၃၇၈၄၀ ကျော် ပါဝင်ဆင်နွှဲကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ညနေ ၅ နာရီတွင် ပုသိမ်မြို့ ဧရာဝတီဂေါက်ကလပ်၌ ကျင်းပသည့် ဧရာဝတီဂေါက်ကလပ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဆုချီးမြှင့်ပွဲတွင် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဝင်းနိုင်က စုစုပေါင်းရိုက်ချက် ၁၀၀ ရိုက်သွားသည့် ဂေါက်သီးအားကစားသမား ခုနစ်ဦးအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အသင်းလိုက်ပြိုင်ပွဲတွင် တံခွန်စိုက်ဆုကြီး ဆွတ်ခူးသွားသော ပုသိမ်လေတပ်စခန်းဌာနချုပ်အသင်းအား အသင်းလိုက်တံခွန်စိုက်ဆုကြီးကို ပေးအပ်ချီးမြှင့်ပြီး တစ်ဦးချင်း တံခွန်စိုက် ဆုကြေးအဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမဆုရ ဦးသိန်းဆွေအား ဆုများပေးအပ်ချီးမြှင့်ကာ ဂေါက်သီးရိုက်ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပပြီးစီးခြင်းအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# (၂၇၆)ကြိမ်မြောက် သိန်းဆုဖွင့်ပွဲတွင် ဆုမဲပေါင်း ၁၅၀၀၇ ဆု ဖွင့်လှစ်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

(၂၇၆)ကြိမ်မြောက် ငွေကျပ် ၂၀၀ တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ ထီဖွင့်ပွဲ ခန်းမဆောင်၌ နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ ထီဖွင့်ပွဲတွင် တန်ဖိုးအလိုက်ဆုမဲများမှာ ငွေကျပ် သိန်း ၁၀၀၀ တစ်ဆု၊ ငွေကျပ် သိန်း၅၀၀ တစ်ဆု၊ ငွေကျပ် သိန်း၃၀၀ သုံးဆု၊ ငွေကျပ် သိန်း၂၀၀ ငါးဆု၊ ငွေကျပ် သိန်း၁၀၀ ၁၄ ဆု၊ ငွေကျပ် ၁၀သိန်း ၃၃၆ ဆု၊ ငွေကျပ်ငါးသိန်း ၁၃ ဆု၊ ငွေကျပ်သုံးသိန်း ၁၆၃ ဆု၊ ငွေကျပ်နှစ်သိန်း ၁၃၆၀ ဆု၊ ငွေကျပ်တစ်သိန်း ၁၃၁၁၁ ဆု အပါအဝင် ဆုမဲပေါင်း ၁၅၀၀၇ ဆု ဖွင့်လှစ်မည်ဖြစ်သည်။

(သတင်းစဉ်)

# ဘဏ်လုပ်ငန်းဒီပလိုမာ အချိန်ပိုင်းသင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သော မြန်မာနိုင်ငံဘဏ်သင်တန်းကျောင်း(ရန်ကုန်)၏ ဘဏ်လုပ်ငန်းဒီပလိုမာ အချိန်ပိုင်းသင်တန်း(ညနေ) အမှတ်စဉ်(၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းတက်ရောက်၍ အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ ဘဏ်လုပ်ငန်းကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသော အခြေခံလိုအပ်ချက်တစ်ခု ဖြစ်ကြောင်း၊ ဒီပလိုမာသင်တန်းတွင် ပြည်တွင်းပြည်ပမှ ဘဏ်လုပ်ငန်းဆိုင်ရာ အကြောင်းအရာများကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာသိရှိခွင့်ရပြီး သင်တန်းသားများအနေဖြင့် ဘဏ်လုပ်ငန်းနှင့် ပတ်သက်၍ ပိုမိုနားလည်မှုရရှိမည်ဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းတိုးတက်ခိုင်မာမှုရှိမှသာ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာကာ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည် ဖြစ်ကြောင်း၊ လူ့စွမ်းအား အရင်းအမြစ်များဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပိုမိုဖြစ်ထွန်းလာစေရန်နှင့် သင်တန်းသားများအနေဖြင့်လည်း မိမိတို့၏ အခြေခံရှိနှင့်ပြီးသား အရည်အသွေး၊ ဗဟုသုတများဖြင့် သင်တန်းကပို့ချပေးမည့် ပညာရပ်များကို ကြိုးကြိုးစားစား သင်ယူကြရန်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ယခုဖွင့်လှစ်သည့် ဘဏ်လုပ်ငန်းဒီပလိုမာသင်တန်းသည် နှစ်နှစ်သင်တန်းဖြစ်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သင်တန်းသားတစ်ဦး၊ ပုဂ္ဂလိကဘဏ်များမှ သင်တန်းသား ၄၆ ဦး၊ မြန်မာနိုင်ငံဘဏ်များအသင်းမှ သင်တန်းသား သုံးဦးနှင့် ပြင်ပမှ သင်တန်းသားရှစ်ဦး စုစုပေါင်း သင်တန်းသား ၅၈ ဦးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





**မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း ဘဏ်လုပ်ငန်းဒီပလိုမာ အချိန်ပိုင်းသင်တန်း(ညနေ) အမှတ်စဉ် (၃) ဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

# မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။

(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီ တောင်းပါ။

(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။

(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီ ပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

**မီးသတ်ဦးစီးဌာန**

## နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

# ပဟေဠိဆန်သော သတ္တုဘောလုံးကို ဒုံးပျံယာဉ်၏ လောင်စာကန်အဖြစ်အတည်ပြု

**ဝင်းဟုတ် ဒီဇင်ဘာ ၂၆**

**အာဖရိကတိုက်ရှိ နမီးဘီးယားနိုင်ငံ၌ လွန်ခဲ့သည့်လက ရှာဖွေတွေ့ရှိခဲ့ရသော အမျိုးအမည်မသိ သတ္တုဘောလုံးသည် မောင်းသူမဲ့ အာကာသဒုံးပျံယာဉ်တစ်စင်းမှ ကြွေကျမြေခဲ့သော လောင်စာကန်တစ်ခုသာဖြစ်ကြောင်း အာကာသသိပ္ပံပညာရှင်များက ဒီဇင်ဘာ ၂၆ ရက်တွင် အတည်ပြုပြောကြားကြသည်။**

အာဖရိကတိုက်တောင်ပိုင်း အတ္တလန္တိတ်သမုဒ္ဒရာကမ်းခြေရှိ နမီးဘီးယားနိုင်ငံ၌ လွန်ခဲ့သည့်လက အဆိုပါ သတ္တုဘောလုံးကို ရှာဖွေတွေ့ရှိခဲ့ရာ ပြည်သူများမှာ ပဟေဠိသဖွယ်ဖြစ်ခဲ့ရသည်။ ထူးဆန်းသော ယင်းသတ္တုဘောလုံးသည် ပန်းကန်ပြားပျံ (အမျိုးအမည်မသိ ပျံသန်းနေသော အရာဝတ္ထု) ဖြစ်နိုင်ဖွယ်ရှိသည်ဟု ပြည်သူများအတွင်း အတွေးနယ်ချဲ့ခဲ့ကြသည်။



**နမီးဘီးယားနိုင်ငံ၌ ရှာဖွေတွေ့ရှိခဲ့ရသော သတ္တုဘောလုံးကို တွေ့ရစဉ်။**

**- ကျဆင်းလာ -**

ထူးဆန်းသော သတ္တုဘောလုံးသည် နမီးဘီးယားနိုင်ငံမြောက်ပိုင်းရှိ ဝေးလံသီခေါင်သော မြက်ခင်းပြင် တစ်နေရာပေါ်သို့ အာကာသမှ ကျဆင်းလာခဲ့သည်ဆို၏။

မြို့တော်ဝင်းဟုတ်မြောက်ဘက် မိုင် ၄၈၀ ခန့်အကွာ နေရာပေါ်သို့ သတ္တုဘောလုံးတစ်လုံး ကျရောက်လာခဲ့ကြောင်း သတင်းဌာနများက သတင်းထုတ်ပြန်ခဲ့ကြသည်။

နမီးဘီးယားအာဏာပိုင်များသည် အမေရိကန်အာကာသအေဂျင်စီ(နာဆာ)နှင့် ဥရောပအာကာသ အေဂျင်စီတို့မှ စုံစမ်းစစ်ဆေးရေးမှူးများကို ဖိတ်ခေါ်ကာ စစ်ဆေးစေခဲ့သည်။

ယင်းသတ္တုဘောလုံးသည် ဒုံးပျံယာဉ်တစ်စင်းမှ ဟိုက်ဒရာဇင်း (hydrazine) လောင်စာကန်တစ်ခု ဖြစ်ကြောင်း၊ ဂြိုဟ်တုများလွှတ်တင်ရာ၌ အသုံးပြုသော ဒုံးပျံယာဉ်များတွင် တပ်ဆင်ထားလေ့ရှိသော လောင်စာကန်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားကြသည်။ ***အင်တာနက်။***

# အာဖဂန်နစ္စတန်တွင် ကျောက်မီးသွေးတွင်းပြိုကျ ၁၁ဦး သေဆုံး

**ကဘူး ဒီဇင်ဘာ ၂၆**

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဘက်ဂလန်ပြည်နယ်တွင် ဒီဇင်ဘာ ၂၄ ရက်က ကျောက်မီးသွေးတွင်းတစ်တွင်း ပြိုကျရာ တွင်းလုပ်သား ၁၁ ဦးထက်မနည်း သေဆုံးရကြောင်း ဒီဇင်ဘာ ၂၅ ရက်သတင်းတွင် ဖော်ပြသည်။

ဘက်ဂလန်ပြည်နယ် ချီနာရက်ကျေးရွာရှိ ကျောက်မီးသွေးတွင်း၌ ဒေသစံတော်ချိန် နံနက် ၆ နာရီခန့်က အဆိုပါ မတော်တဆမှုဖြစ်ပွားခြင်းဖြစ်ကြောင်း နက်ရင်းခရိုင် အုပ်ချုပ်ရေးမှူး ဖာကယ်အယ်လ်ရာမန်းက ပြောကြားသည်။

ယင်းနေရာသို့ ကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့ ရောက်ရှိလာကာ သေဆုံးသူများ၏ ရုပ်အလောင်းများကို သယ်ထုတ်သွားကြပြီး မိုင်းအတွင်းပိုင်းတွင် လုံခြုံရေးကိစ္စများ ဆောင်ရွက်ကြသည်။ ကျောက်မီးသွေးတွင်း ပြိုကျမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိသည်။

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်းရှိ ကျောက်မီးသွေးတွင်းအချို့မှာ ပြိုကျမှုဖြစ်ပွားနိုင်သည့် အလားအလာရှိသဖြင့် အာဖဂန်အစိုးရက မကြာသေးမီကပင် တူးဖော်မှုရပ်ဆိုင်းထားခဲ့သည်။

**အင်တာနက်။**



**တရုတ်နိုင်ငံတွင် စမ်းသပ်ခုတ်မောင်းခဲ့သော တစ်နာရီလျှင် ကီလိုမီတာ ၅၀၀ ခုတ်မောင်းနိုင်သည့် မြန်နှုန်းမြင့်မားသည့်ရထားကို တွေ့ရစဉ်။**

# တစ်နာရီလျှင် ကီလိုမီတာ ၅၀၀ ခန့်ထိ ခရီးနှင်နိုင်သော ရထားတစ်စင်းအား တရုတ်နိုင်ငံတွင် စမ်းသပ်ခုတ်မောင်းခဲ့

**ပေကျင်း ဒီဇင်ဘာ ၂၆**

လွန်ခဲ့သည့်ရက်သတ္တပတ်အကုန်ပိုင်းက အမြန်နှုန်း အထူးမြင့်မားသည့် ရထားတစ်စင်းကို တရုတ်နိုင်ငံက စမ်းသပ်ခုတ်မောင်းခဲ့ပြီး ယင်းရထားသည် တစ်နာရီလျှင် ကီလိုမီတာ ၅၀၀ ခန့်အထိ မောင်းနှင်နိုင်သည့် စွမ်းဆောင်ရည်ရှိသည်ဟု တရုတ်အစိုးရသတင်းဌာနက သတင်းဖော်ပြခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် အမြန်နှုန်းမြင့်မားသော ရထားများ ထုတ်လုပ်ရေးကို ရည်မှန်းချက်ချဆောင်ရွက်နေလင့်ကစား ၎င်းနိုင်ငံ၏ မြန်နှုန်းမြင့် ရထားကွန်ရက်တွင် စိုးရိမ်ဖွယ်ရာပြဿနာများ ရှိနေဆဲဖြစ်သည်။



**- ဓားရှည်တစ်လက်နှင့်ပုံစံတူ -**

စမ်းသပ်ခုတ်မောင်းခဲ့သော မြန်နှုန်းမြင့်ရထားကို တရုတ်နိုင်ငံမှ အကြီးမားဆုံးသော ရထားထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် စီအက်စ်အာရ်ကော်ပိုရေးရှင်း၏ လက်အောက်ခံကုမ္ပဏီခွဲတစ်ခုမှ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ရထား၏ ပုံသဏ္ဌာန်မှာ တရုတ်ရှေးဟောင်းဓားရှည်တစ်လက်နှင့် ဆင်တူသည်ဟု သတင်းတွင် ဖော်ပြထားသည်။ ***အင်တာနက်။***

# ချီးမြှင့်ဂုဏ်ပြု အမျိုးသားစာပေရတု

မောင်စိမ်းနောင် (လယ်ဝေး)

ဒီဇင်ဘာလသည် စာဆိုတို့၏ ရာသီဟုဆိုရမည်ဖြစ်သည်။ အကြောင်းမူ အမျိုးသားစာပေဆုနှင်းသဘင်ကို နှစ်စဉ် ဒီဇင်ဘာလတွင် ကျင်းပလေ့ရှိ၍ ဖြစ်သည်။ တစ်နည်းအားဖြင့် အမျိုးသားစာပေဆုချီးမြှင့်ဂုဏ်ပြုသည့် ရတုရာသီဖြစ်ပေသည်။ ရာသီဥတုသည် မိုးသည်းထန်စွာရွာသွန်းခြင်းမျိုး၊ နေပူပြင်းခြင်းမျိုးမရှိသည့် အေးမြသော ဆောင်းကာလကလည်း ဖြစ်နေပြန်သည်။ မျှတသော ရာသီဥတုကာလ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုတို့ကို ချီးမြှင့်မည်ဖြစ်သည်။

နှစ်အလိုက်ထွက်ရှိခဲ့သောစာအုပ်များမှ ပြည်သူ့အကျိုး၊ အမျိုးသားအကျိုးတို့ကို ဆောင်ကြဉ်းသောစာအုပ်များကို သက်ဆိုင်ရာဘာသာရပ်အလိုက် တစ်ဆုစီရွေးချယ်ချီးမြှင့်ခြင်းဖြစ်သည်။ ယခင်နှစ် ၂၀၀၉ ခုနှစ်အတွက် အမျိုးသားစာပေဆုအထိ ဘာသာရပ် ၁၄ မျိုး ပြဋ္ဌာန်းသတ်မှတ်ထားသော်လည်း ၂၀၁၀ ခုနှစ်မှစ၍ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထုတ်ဝေသောစာအုပ်များထဲမှ နိုင်ငံ့သမိုင်းဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ အနုပညာဆိုင်ရာ သုတ ရသစာအုပ်တစ်အုပ်ကို ဆုချီးမြှင့်ရန် သတ်မှတ်ပြဋ္ဌာန်းခဲ့သဖြင့် ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ စာပဒေသာ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ၊ ကလေးစာပေ၊ လူငယ်စာပေ၊ ဘာသာပြန်(သုတ)၊ ဘာသာပြန်(ရသ)၊ သုတပဒေသာ(ဝိဇ္ဇာ)၊ သုတပဒေသာ(ရိုးရိုးသိပ္ပံ)၊ သုတပဒေသာ(အသုံးချသိပ္ပံ)၊ ပြဇာတ်စာပေ၊ နိုင်ငံရေးစာပေနှင့် အင်္ဂလိပ်ဘာသာဟူ၍ ၁၅ မျိုးဖြစ်လာပေပြီ။ အင်္ဂလိပ်ဘာသာကို ယခုနှစ်မှ စတင်ပြဋ္ဌာန်းခြင်းဖြစ်သော်လည်း ပြဋ္ဌာန်းသည့်နှစ်မှာပင် ဆုရရှိသည်မှာ အထူးဝမ်းမြောက်ဖွယ်ဖြစ်သည်။

အမျိုးသားစာပေဆုသည် ၁၉၄၈ ခုနှစ်မှ စတင်ရေတွက်လျှင် နှစ်ပေါင်း ၆၀ ကျော်ပြီဖြစ်ပြီး ၁၉၆၅ ခုနှစ် အမျိုးသားစာပေဆုဟု စတင်ခေါ်ဝေါ်ချိန်မှစ၍ ရေတွက်လျှင်ပင် ၄၆ နှစ်ရှိပေပြီ။ ဤနေရာတွင် အမျိုးသားစာပေဆုသမိုင်းကြောင်းနှင့် ပတ်သက်၍ အနည်းငယ်တင်ပြလိုပေသည်။

၁၉၄၇ ခုနှစ် နှစ်ဦးပိုင်း ဆိုရန်တိုဗီလာအဆောက်အအုံ၌ ပြုလုပ်သော ဆိုရန်တိုဗီလာစီမံကိန်းအစည်းအဝေးကြီးတွင် ဘုရင်ခံအစိုးရအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းက **"တိုင်းသူပြည်သားများအတွက် အသုံးကျမည့်စာအုပ်များကို ဘာသာပြန်ရန်နှင့် ပုံနှိပ်ထုတ်ဝေရန်အတွက် ဘာသာပြန်စာပေဌာနကြီးတစ်ခု တည်ထောင်သင့်ကြောင်း"** အဖွင့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။ ထိုနှစ် ဩဂုတ်လ ၂၆ ရက်နေ့တွင် **"အမှောင်ခွင်း၍ အလင်းဆောင်အံ့"** ဟူသော ဆောင်ပုဒ်ဖြင့် **"မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း"**ကြီး ပေါ်ပေါက်ခဲ့သည်။ အဓိကရည်ရွယ်ချက်မှာ ဘာသာခြားဖြင့် ရေးသားထားသော စာအုပ်စာတမ်းများ မြန်မာဘာသာသို့ ပြန်ဆိုရန်၊ မြန်မာဘာသာဖြင့် ရေးသားထားသော စာအုပ်စာတမ်းများ နိုင်ငံခြားဘာသာသို့ ပြန်ဆိုရန်၊ မြန်မာမှုအရပ်ရပ်ကို စူးစမ်းဖော်ထုတ်ရန်နှင့် စာအုပ်စာတမ်းများ ပုံနှိပ်ထုတ်ဝေရန်တို့ဖြစ်သည်။ မကြာမီ အဆိုပါ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းကို **"စာပေဗိမာန်"** ဟု ပြောင်းလဲခေါ်တွင်လျက် စာပေဗိမာန်အမည်ဖြင့် မြန်မာပြည်သူများအတွက် အကျိုးပြုမည့်သိပ္ပံ၊ ဝိဇ္ဇာဘာသာရပ်အမျိုးမျိုးကို ကမ္ဘာ့စာပေများမှ ပြန်ဆိုထုတ်ဝေခဲ့သည်။

ယခုတင်ပြမည့်အမျိုးသားစာပေဆု၏ မူလဘူတသည် စာပေဗိမာန်နှင့် ဆက်စပ်ယှက်နွယ်မှုများ ရှိနေသဖြင့် အထက်ပါအကြောင်းအရာများကို ဦးစွာတင်ပြရခြင်းဖြစ်ပေသည်။ ထိုစာပေဗိမာန်က **"စာပေဗိမာန်ဆု"**ဟူသောအမည်ဖြင့် စာပေဆုရွေးချယ်ချီးမြှင့်ရန် သတ်မှတ်ခဲ့ပြီး ၁၉၄၈ ခုနှစ်တွင် **"စာပေဗိမာန်ကာလပေါ်ဝတ္ထုဆု"** ဟူသော အမည်ဖြင့် တစ်နှစ်တာအတွင်း ထုတ်ဝေခဲ့သော ဝတ္ထုစာအုပ်များမှ အကောင်းဆုံးတစ်အုပ်ကို ရွေးချယ်၍ ဆုငွေ ၁၀၀၀ ကျပ် ချီးမြှင့်ခဲ့သည်။ ပထမဦးဆုံး ဆုချီးမြှင့်ခံရသောဝတ္ထုမှာ ဆရာမင်းအောင်၏ **"မိုးအောက် မြေပြင်"** ဖြစ်သည်။ ဤဆုသည် အမျိုးသားစာပေဆု၏ ရှေ့ပြေး၊ အဦးအစပင်ဖြစ်သည်။

ဤသို့ နှစ်စဉ်ချီးမြှင့်၍လာရာမှ ၁၉၅၁ ခုနှစ်တွင် စာပဒေသာဆုကိုလည်းကောင်း၊ ၁၉၅၂ ခုနှစ်တွင် ဘာသာပြန်စာပေဆုကို လည်းကောင်း၊ ၁၉၅၃ ခုနှစ်တွင် သုတပဒေသာဆုကို လည်းကောင်း တိုးမြှင့်၍ ချီးမြှင့်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင်မူ ဝတ္ထုတိုပေါင်းချုပ်၊ ပြဇာတ်နှင့် ကဗျာဘာသာရပ်များပါ ဆုချီးမြှင့်ခဲ့သဖြင့် စုစုပေါင်း ဘာသာရပ်ခုနစ်မျိုးဖြစ်လာခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် စာပေဗိမာန်ဆုကို **"အနုပညာဆိုင်ရာ စာပေဆု"** ဟု အမည်ပြောင်းခဲ့ပြီး ဘာသာရပ်များတွင်လည်း ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ စာပဒေသာ၊ ဘာသာပြန်၊ ပြဇာတ်၊ ကဗျာ၊ ကလေးစာပေ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ၊ နိုင်ငံရေးစာပေဟု ဘာသာရပ်ကိုးမျိုး ဖြစ်လာလေသည်။ ၁၉၅၂ ခုနှစ်ကတည်းက ဆုချီးမြှင့်ရန် သတ်မှတ်ခဲ့သော ဘာသာပြန်ဆုသည်လည်း အဆိုပါ ၁၉၆၂ ခုနှစ်တွင်မှ စတင်ချီးမြှင့်နိုင်ခဲ့လေသည်။ ထိုပထမဆုံး ဘာသာပြန်ဆုရရှိသည့်စာအုပ်မှာ ဆရာကြီး ဦးစံဝင်း ပြန်ဆိုသည့် "ယိုးဒယားပိုက်" ဖြစ်သည်။ မူရင်းစာရေးဆရာမှာ ဗြိတိသျှခေတ် ရန်ကုန်မြို့တွင် အရေးပိုင်ဖြစ်ခဲ့ဖူးသော မောရစ်ကောလစ် (Maurice Collis) ဖြစ်ပြီး ယင်း၏ Siamese White စာအုပ်ကို ပြန်ဆိုခြင်းဖြစ်သည်။

၁၉၆၃ ခုနှစ်တွင် အဆိုပါ **"အနုပညာဆိုင်ရာစာပေဆု"** ကို အသွင်တစ်မျိုးပြောင်းခဲ့ပေသည်။ ပုံနှိပ်ထုတ်ဝေပြီးစာအုပ်အပြင် ပုံနှိပ်ခြင်းမပြုရသေးသော လက်ရေးစာမူများပါ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုသောစနစ်ကို ပြောင်းလိုက်ခြင်းပင်ဖြစ်သည်။ ဘာသာရပ်တစ်ခုချင်းတွင်လည်း ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထဟူ၍ လေးဆုစီချီးမြှင့်ခဲ့သည်။ ဝတ္ထုရှည်တွင် ပထမဆု ငွေကျပ် ၂၀၀၀၊ ဒုတိယဆု ငွေကျပ် ၁၅၀၀၊ တတိယဆု ငွေကျပ် ၁၀၀၀ နှင့် စတုတ္ထဆု ငွေကျပ် ၇၅၀ ချီးမြှင့်ခဲ့သည်။ ကျန်ဘာသာရပ်များတွင် ပထမ ငွေကျပ် ၁၅၀၀၊ ဒုတိယ ငွေကျပ် ၁၀၀၀၊ တတိယ ငွေကျပ် ၇၅၀ နှင့် စတုတ္ထ ငွေကျပ် ၅၀၀ သတ်မှတ်ချီးမြှင့်ခဲ့သည်။ ထိုနှစ်တွင် ထူးခြားသည်မှာ ၁၉၆၂ ခုနှစ်ကတည်းက စတင်သတ်မှတ်ပေးခဲ့သော နိုင်ငံရေးစာပေဆု စတင်ရရှိခြင်းပင်ဖြစ်သည်။ ပထမဆုရစာအုပ်မှာ မောင်စူးစမ်း ရေးသားသည့် **"ဘောဂဗေဒလက်ရွေးစင်"** ဖြစ်သည်။ ဒုတိယဆုပါချီးမြှင့်နိုင်ခဲ့ပြီး ဆုရစာအုပ်မှာ သခင်လေးမောင် ရေးသားသည့် **"ရာဇဝတ်မှုပြဿနာများ"** ဖြစ်သည်။ ထိုအနုပညာဆိုင်ရာစာပေဆုအမည်ဖြင့် ၁၉၆၄ ခုနှစ်အထိ ဆုများချီးမြှင့်ခဲ့သည်။

၁၉၆၅ ခုနှစ်တွင်ကား အနုပညာဆိုင်ရာစာပေဆုကို **"အမျိုးသားစာပေဆု"**ဟု ပြောင်းလဲခေါ်တွင်သတ်မှတ်ခဲ့သည်။ ထိုနှစ်မှစ၍ သုတပဒေသာ ဘာသာရပ်တစ်ခု တိုးလာသဖြင့် ဆုအမျိုးအစား ၁၀ မျိုးဖြစ်လာသည်။ စာပေဆု၏ တန်ဖိုး၊ ဂုဏ်သိက္ခာမှာ အမြင့်မားဆုံးအခြေအနေသို့ ရောက်ရှိလာခဲ့ခြင်းဟု ဆိုနိုင်ပေသည်။ အမျိုးသားစာပေသည် အမျိုးသားအကျိုးစီးပွားကို ဆောင်ကြဉ်းသည့် စာပေလက်ရာများဟု သတ်မှတ်လိုက်သည့်သဘောလည်း ဖြစ်လာသည်။ ဆိုရပါလျှင် နိုင်ငံတော်အဆင့်ချီးမြှင့်သည့် ဂုဏ်ဒြပ်မြင့်မားသော စာပေဆုအဖြစ် ပေါ်ထွန်းလာခြင်းပင်ဖြစ်သည်။

၁၉၆၉ ခုနှစ်တွင်ကား အမျိုးသားစာပေဆုအတွက် ပုံမနှိပ်ရသေးသောစာမူများ ပါဝင်ယှဉ်ပြိုင်သည့်စနစ်ကို ဖျက်သိမ်းပြီး ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ထုတ်ဝေခဲ့သော စာအုပ်များထဲမှ သက်ဆိုင်ရာဘာသာရပ်တစ်ခုစီအတွက် အကောင်းဆုံးစာအုပ် တစ်အုပ်စီကို ရွေးချယ်၍ချီးမြှင့်ခဲ့သည်။ သုတပဒေသာဘာသာရပ်ကိုလည်း သုတပဒေသာ(ဝိဇ္ဇာ)နှင့် သုတပဒေသာ(သိပ္ပံ)ဟူ၍ နှစ်မျိုးခွဲလိုက်သဖြင့် ဘာသာရပ် ၁၁ မျိုးဖြစ်လာသည်။ ချီးမြှင့်ငွေမှာ ဘာသာရပ်တစ်ခုစီအတွက် ငွေကျပ် ၃၀၀၀ စီဖြစ်သည်။ စာမူအဖြစ် ရေးသားပေးပို့ယှဉ်ပြိုင်ရသောစနစ်ကို **"စာပေဗိမာန်စာမူဆု"** အဖြစ် သီးခြားခွဲထုတ်လိုက်လေသည်။ စာပေဗိမာန်စာမူဆုသည်လည်း ၁၉၆၉ ခုနှစ်မှ သမိုင်းစတင်ခဲ့ကာ ပထမ၊ ဒုတိယနှင့် တတိယဆုများ ချီးမြှင့်ခဲ့သည်။

၁၉၇၅ ခုနှစ်တွင် လူငယ်စာပေဘာသာရပ်တစ်ခု ထပ်တိုးလာသဖြင့် ဘာသာရပ် ၁၂ ခုဖြစ်လာသည်။ ၁၉၇၆ ခုနှစ်တွင် ချီးမြှင့်ငွေကို ၃၀၀၀ ကျပ်မှ ၅၀၀၀ ကျပ်အထိ တိုးမြှင့်ပေးခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် ဘာသာပြန်စာပေကို ဘာသာပြန်သုတစာပေနှင့် ဘာသာပြန်ရသစာပေဟူ၍ နှစ်မျိုးခွဲခြားလိုက်သဖြင့် ဆုအမျိုးအစား ၁၃ မျိုးဖြစ်လာသည်။ ၁၉၈၆ ခုနှစ်တွင် ဆုငွေကို ၆၀၀၀ ကျပ်မှ ၁၀၀၀၀ ကျပ်သို့ တိုးမြှင့်၍ ချီးမြှင့်ခဲ့သည်။

တပ်မတော်အစိုးရလက်ထက် ၁၉၈၉ ခုနှစ်တွင် **သုတပဒေသာ(သိပ္ပံ)ဘာသာရပ်**ကို **သုတပဒေသာ (ရိုးရိုးသိပ္ပံ)** နှင့် သုတပဒေသာ(အသုံးချသိပ္ပံ)ဟူ၍ ထပ်မံခွဲခြားလိုက်သဖြင့် ဘာသာရပ် ၁၄ မျိုးဖြစ်လာရာ ၂၀၀၉ ခုနှစ်အတွက် အထိဖြစ်လေသည်။ ၁၉၈၉ ခုနှစ်တွင် ဆုငွေကို ၁၀၀၀၀ ကျပ်မှ ၂၀၀၀၀ ကျပ်သို့ တိုးမြှင့်သတ်မှတ်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် ၅၀၀၀၀ ကျပ်၊ ၁၉၉၄ ခုနှစ်တွင် ၇၀၀၀၀ ကျပ်၊ ၁၉၉၅ ခုနှစ်တွင် ၁၀၀၀၀၀ ကျပ်၊ ၂၀၀၁ ခုနှစ်တွင် ၂၀၀၀၀၀ ကျပ်၊ ၂၀၀၆ ခုနှစ်တွင် ၃၀၀၀၀၀ ကျပ်နှင့် ယခု ၂၀၁၀ ခုနှစ်အတွက်မှစ၍ ဆုတစ်ဆုချင်းတွင် ဆုငွေကျပ် ၅၀၀၀၀၀ ကျပ်အထိ အဆင့်ဆင့် တိုးမြှင့်ချီးမြှင့်ခဲ့သည်။

အမျိုးသားစာပေတစ်သက်တာဆုနှင့် ပတ်သက်၍လည်း တင်ပြလိုပေသည်။ အမျိုးသားစာပေတစ်သက်တာဆုသည် စာပေဖြင့် ခေတ်အဆက်ဆက် တိုင်းကျိုးပြည်ကျိုးထမ်းဆောင်ခဲ့သူ၊ ဘဝတစ်သက်တာလုံး အမျိုးသားအကျိုးစီးပွား၊ မြန်မာစာပေအကျိုးတို့ကို ကာကွယ်စောင့်ရှောက်ထမ်းဆောင်ခဲ့သူ၊ စာပေဂုဏ်ဒြပ်ကြီးမြင့်ပြီး ဂုဏဝုတ္တိ၊ ဝယဝုတ္တိတို့နှင့် ပြည့်စုံသူ အသက်(၆၀)ပြည့်ပြီးသူ စာရေးဆရာကြီး၊ စာရေးဆရာမကြီးများကို ချီးမြှင့်သည့်ဆုဖြစ်ပြီး ၂၀၀၁ ခုနှစ်အတွက် ချီးမြှင့်သော အမျိုးသားစာပေဆုမှ စတင်ချီးမြှင့်ခဲ့ခြင်းဖြစ်ပြီး ယခု ၂၀၁၀ ခုနှစ်အတွက်ဆိုလျှင် ဆုချီးမြှင့်ခံရသည့် ဆရာကြီး ဒေါက်တာသော်ကောင်းသည် ၁၀ ဦးမြောက်ဖြစ်သည်။

ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု(ယခုပခုက္ကူဦးအုံးဖေစာပေဆု)တွင်မူ စတင်သည့် ၁၉၉၃ ခုနှစ်အတွက် ချီးမြှင့်ခြင်းမှစ၍ တစ်သက်တာစာပေဆုကို အချို့နှစ်များတွင် နှစ်ဦး၊ အချို့နှစ်များတွင် တစ်ဦးဖြင့် ချီးမြှင့်ခဲ့ရာ ၂၀၁၀ ခုနှစ်အတွက်အထိ ၁၈ နှစ်တွင် ၂၁ ဦးချီးမြှင့်ခဲ့ပြီးပေပြီ။

အမျိုးသားစာပေတစ်သက်တာဆုမတိုင်မီက ထိုင်းနိုင်ငံတွင် ကျင်းပသည့် အရှေ့တောင်အာရှဆိုင်ရာစာပေဆု SEA WRITE AWARD ဆုကို ၁၉၉၈ ခုနှစ်မှစ၍ ချီးမြှင့်ခဲ့ရာ စာပေဖြင့် တိုင်းကျိုးပြည်ကျိုးထမ်းဆောင်ခဲ့သော၊ စာပေဂုဏ်ရှိန်ကြီးမြင့်သော စာရေးဆရာကြီး၊ ဆရာမကြီးများကို တစ်နှစ်လျှင်တစ်ယောက် ရွေးချယ်စာရင်းပေးပို့၍ ဆုသွားရောက်ယူခဲ့သည်။ ပထမဦးစွာ ၁၉၉၈ ခုနှစ်တွင် ဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း၊ ၁၉၉၉ ခုနှစ်တွင် ဆရာကြီး ဦးကျော်အောင်၊ ၂၀၀၀ ပြည့်နှစ်တွင် ဆရာမကြီး ဒေါ်စောမုံညင်း၊ ၂၀၀၁ ခုနှစ်တွင် ဆရာဦးထင်ကြီးတို့လေးဦး အဆိုပါ SEA WRITE AWARD ရရှိခဲ့ပေသည်။ ၂၀၀၁ ခုနှစ်အတွက် အမျိုးသားစာပေဆုနှင်းသဘင်ကျင်းပသော ၂၀၀၂ ခုနှစ်တွင် မြန်မာနိုင်ငံ၌ပင် **အမျိုးသားစာပေတစ်သက်တာဆု** စတင်ချီးမြှင့်ခဲ့ရာ ဆရာကြီး ပါရဂူကို စတင်ချီးမြှင့်ခဲ့လေသည်။ စတင်ချီးမြှင့်သည့်နှစ်တွင် ဆုငွေကျပ် လေးသိန်းချီးမြှင့်ခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် ကျပ်ခြောက်သိန်းထိ တိုးမြှင့်ချီးမြှင့်ခဲ့သည်။ ယခု ၂၀၁၀ ခုနှစ်အတွက်မှစ၍ ကျပ် ၁၀ သိန်းချီးမြှင့်မည်ဖြစ်သည်။

အမျိုးသားစာပေဆုရပုဂ္ဂိုလ်များ (ယခင်အမျိုးသားစာပေဟု မခေါ်ဆိုမီ ဆုများမှစ၍) တွင် ဆရာကြီး ရွှေဥဒေါင်း၊ စစ်ကိုင်း ဦးဘိုးသင်း၊ ဆရာကြီး မင်းယုဝေ၊ ဂျာနယ်ကျော်မမလေး၊ ဆရာဇော်ဂျီ၊ ဒဂုန်နတ်ရှင်၊ မန်းတင်၊ လူထုဦးလှ၊ သိန်းဖေမြင့်၊ တင့်တယ်၊ နုယဉ်၊ နတ်မောက်ဘုန်းကျော်၊ ဒဂုန်ရွှေမျှား၊ မောင်သင်၊ တင်မိုး၊ ခင်နှင်းယု၊ ဇေယျ၊ ဗိုလ်တာရာ၊ သော်တာဆွေ၊ ထီလာစစ်သူ၊ လင်းယုန်သစ်လွင်၊ ဗိုလ်မှူးဘသောင်း၊ မင်းရှင်၊ ဘုတလင်ချစ်လေး၊ ဆရာဝန်တင်ရွှေ၊ ပါရဂူ၊ ယုဝတီဂျင်းဖောမယ်၊ တောသားကြီးလူနိုင်၊ စောမုံညင်း၊ မောင်စူးစမ်း၊ ငွေးမောင်၊ မြဝဏ္ဏ၊ ရန်အောင်၊ ဂယက်နီ၊ ပျဉ်းမနားမောင်နီသင်း၊ မောင်စွမ်းရည်၊ လူထုဒေါ်အမာ စသည်ဖြင့် ဆရာကြီး၊ ဆရာမကြီးများစွာကို ဂုဏ်ပြုနိုင်ခဲ့ပေသည်။

ဆုရစာအုပ်များထဲမှ ၁၉၅၈ ခုနှစ် စာပေဗိမာန်ဆုရ သိန်းဖေမြင့်၏ **"အရှေ့ကနေဝန်းထွက်သည့်ပမာ"**၊ ၁၉၆၂ ခုနှစ် အနုပညာစာပေဆိုင်ရာဆု (ဘာသာပြန်ဆု)ရ **"ယိုးဒယားပိုက်"** တို့ ထင်ရှားသကဲ့သို့ "အမျိုးသားစာပေဆု" ဟု စတင်ခေါ်ဝေါ်သတ်မှတ်ချီးမြှင့်ခဲ့သည့် ၁၉၆၅ ခုနှစ် အမျိုးသားစာပေဝတ္ထုရှည်ဆုရ ငွေးမောင်၏ "တိုက်ပွဲခေါ်သံ" ဝတ္ထုကို ရုပ်ရှင်အဖြစ်ရိုက်ကူးခဲ့ရာ အလွန်အောင်မြင်ခဲ့ပြီး အကယ်ဒမီဆုရှင်များစွာ မွေးထုတ်ပေးနိုင်ခဲ့ပေသည်။ ထိုမျှမက မြန်မာတိုင်းကို မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်တို့ မွေးဖွားပေးနိုင်ခဲ့သည်။ အလားတူ ထင်ရှားကျော်ကြားပြီး အမျိုးသားအကျိုးစီးပွားအတွက် အကျိုးပြုခဲ့သည့် စာအုပ်များစွာ ပေါ်ထွက်ခဲ့ပေသည်။

မြန်မာနိုင်ငံ သူ့ကျွန်ဖြစ်ရချိန်က မြန်မာစာပေ တစ်နေ့တခြား မှေးမှိန်လာခဲ့သည်။ နယ်ချဲ့တို့သည် ယင်းတို့၏ စာပေများကို ခရစ်ယာန်သာသနာပြုအသင်းအဖွဲ့များမှ လည်းကောင်း၊ ပညာရေးဌာနများမှတစ်ဆင့် စာသင်ကျောင်းများတွင် သင်ကြားစေ၍ လည်းကောင်း၊ ဝတ္ထုစာအုပ်နှင့် စာနယ်ဇင်းများမှ လည်းကောင်း၊ နည်းအမျိုးမျိုးဖြင့် သယ်ဆောင်လာကာ မြန်မာစာပေလောကကို အနောက်တိုင်းစာပေအငွေ့အသက်တို့ဖြင့် လွှမ်းမိုးလာစေ၏။ ဤသို့ဖြင့် ၁၉ ရာစုနှောင်းပိုင်းနှင့် ၂၀ ရာစု အစပိုင်းလောက်အထိ မြန်မာစာပေလောက၌ စာကောင်းပေမွန်များ မထွန်းကားခဲ့ပေ။ စာပေဆုများအနေဖြင့်လည်း ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံစာရေးဆရာအသင်းကပေးသော **စာရေးဆရာအသင်း**ဆု၊ ဂရိတ်တားအေရှ သတင်းစာတိုက်ကပေးသော **ဂရိတ်တားအေရှ**ဆု၊ ပါဠိဘာရတီအသင်းကချီးမြှင့်သည့် **ပါဠိဘာရတီ**ဆု စသည်တို့လောက်သာ ရှိခဲ့သည်။ စစ်ပြီးခေတ်နောက်ပိုင်း လွတ်လပ်ရေးရပြီးမှသာ စာပေဆုများ တိုးမြှင့်ချီးမြှင့်လာခဲ့ပေသည်။

အဆိုပါဆုများတွင် နိုင်ငံတော်အဆင့် စာပေဗိမာန်ကာလပေါ်ဝတ္ထုဆုမှ စတင်ခဲ့ပြီး ယနေ့အမျိုးသားစာပေဆုသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ပေသည်။ ၁၉၄၈ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ စာပေဗိမာန်ဆု၊ ၁၉၆၂ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ အနုပညာစာပေဆိုင်ရာဆု၊ ၁၉၆၅ ခုနှစ်မှ ယနေ့ကာလအထိ အမျိုးသားစာပေဆုတို့သည် အမျိုးသားစာပေဆု၏ သမိုင်းကြောင်းပင်ဖြစ်သည်။

ယနေ့ကာလတွင်မူ ယခင်ချီးမြှင့်ခဲ့သော ဆု ၁၄ မျိုးသာမက အင်္ဂလိပ်ဘာသာဆုကိုပါ ချီးမြှင့်ခဲ့ရာ မြန်မာအကြောင်း ကမ္ဘာကသိစေဖို့ အင်္ဂလိပ်ဘာသာဖြင့် ရေးသားသောစာအုပ်များ တစ်နှစ်ထက်တစ်နှစ် များပြားလာတော့မည်ဖြစ်သည်။ စာပေပညာရှင်များအဖို့ နိုင်ငံတော်က နှစ်စဉ် ထိုက်တန်စွာဂုဏ်ပြုချီးမြှင့်နေသည်ကို ကျေးဇူးတုံ့ပြန်သောအားဖြင့် လည်းကောင်း၊ တစ်မျိုးသားလုံး အကျိုးရှိစိမ့်ငှာ လည်းကောင်း၊ မြန်မာကို ကမ္ဘာက သိစေအံ့သောငှာ လည်းကောင်း အကျိုးပြုစာပေများစွာ ဆက်လက်ရေးသားကြဖို့ တာဝန်ရှိနေပေပြီ။

ချီးမြှင့်ထိုက်သူကို ချီးမြှင့်ခြင်းသည် မင်္ဂလာတရားနှင့် ညီညွတ်လှပေသည်။ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် စာပေဖြင့် တိုင်းကျိုး ပြည်ကျိုးကိုဆောင်ကြသော စာပေပညာရှင်များ၊ တစ်နည်းအားဖြင့် ချီးမြှင့်ထိုက်သူများကို နိုင်ငံတော်က စာပေဆုများချီးမြှင့်မည် ဖြစ်ပေသည်။ စာပေပညာရှင်ကြီးများနှင့် စာပေလောကအတွက် မင်္ဂလာရှိသကဲ့သို့ နိုင်ငံတော်အတွက် မင်္ဂလာရှိသော အခါသမယလည်းဖြစ်သဖြင့် **ချီးမြှင့်ဂုဏ်ပြု အမျိုးသားစာပေရတု** ဖြစ်ပါကြောင်း ညွှန်းဆိုဂုဏ်ပြုအပ်ပါသတည်း။ ။



**ရန်ကုန်အရှေ့ပိုင်းခရိုင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဟောပြောဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၇ ရက်က ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမောင်စိုး ဟောပြောဆွေးနွေးစဉ်။**

(ကြေးမုံ)

## လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဟောပြော

**တန့်ယန်း ဒီဇင်ဘာ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဟောပြောပွဲကို ဒီဇင်ဘာ ၂၂ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးကိစ္စရပ်များကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဇော်ဝင်းက ရှင်းလင်းဟောပြောသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။ (၆၅၅)



**ဒီဇင်ဘာ ၂၃ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် အခြေခံပညာမူလတန်းလွန်ကျောင်း အမှတ်(၁၈)၌ ကျင်းပသည့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်းမှ ပဥ္စမတန်းထိ ခြောက်နှစ်ဆက်တိုက် ပထမဆုရရှိသော မောင်အောင်မင်းခန့်အား မြို့နယ်ပညာရေးမှူး ဒေါ်ခင်မြင့်ရည် ဆုချီးမြှင့်စဉ်။** (ကြေးမုံ)

☆ ကျောဖုံးမှ

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အိမ်ရှင်အဖြစ် လက်ခံကျင်းပချိန်တွင်လည်း ယခုအောင်မြင်မှုထက် ပိုမို၍ ရွှေတံဆိပ်ဆုများရရှိရေး ရည်မှန်းချက်ထားပြီး အားကစားမြှင့်တင် တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်။အားကစားအောင်မြင်မှုသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု အဆင့်အတန်းကို ရောင်ပြန်ဟပ်စေသည်။ အားကစားတိုးတက်မြင့်မားခြင်းသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာအဆင့်အတန်းနှင့် အခြေအနေကို ဖော်ပြသည်ဆိုသည့် အားကစားခံယူချက်များအတိုင်း လိုက်နာကျင့်သုံး၍ မြန်မာ့အားကစားအဆင့်အတန်း ယခုထက်တိုးတက်အောင်မြင်ရေးအတွက် မိမိတို့ကျရာ အခန်းကဏ္ဍက နေပြီး လက်တွဲညီညီကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ဆုများကို ပေးအပ်ချီးမြှင့်ရာ ပြည်ထောင်စုဝန်ကြီးက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အသုံးပြုမည့် Masscot ပြိုင်ပွဲဆုရ ဦးသူရနှင့် Logo ပြိုင်ပွဲဆုရ ဦးအာကာအောင် ကိုယ်စားတစ်ဦးအား ဆုကြေးငွေကျပ်သိန်း ၂၀ စီကိုလည်းကောင်း၊ ပြည်ပအားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသော အားကစားဝန်ကြီးဌာနမှ ဝန်ထမ်းအားကစားသမားများအား လည်းကောင်း၊ ဒုတိယဝန်ကြီးက ပြည်ပအားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသော အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူများအား လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်က ပြည်ပပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရန် နိုင်ငံ့ကိုယ်စားပြု ရွေးချယ်ခံရသည့် ဝန်ထမ်းသားသမီးများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

- ★ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ သိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊
- ★ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် စုစည်းထိန်းသိမ်းကာကွယ်ရေး၊
- ★ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာ၌ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုနှုန်းလျှော့နည်းကျဆင်းရေး၊ အုပ်ချုပ်မှုမဏ္ဍိုင် ခိုင်မာကောင်းမွန်သန့်ရှင်းရေးတို့အတွက် အားလုံးက မဆုတ်မနစ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊
- ★ မှန်ကန်သောဒီမိုကရေစီကျင့်စဉ်များ ကျယ်ပြန့်စွာထွန်းကားရေး၊ တရားဥပဒေစိုးမိုးမှု ပိုမိုခိုင်မာရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ထာဝရငြိမ်းချမ်းမှု ရရှိရေးတို့အတွက် တိုင်းရင်းသားအားလုံးက အသိနှင့်ယှဉ်၍ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

❋ မြန်မာ့ကျောက်မျက်ရတနာပြပွဲမှ

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲရောင်းဝယ်ရေးလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးစိန်လွင်က ပုလဲတန်ဖိုးအများဆုံး ပေးဝယ်ယူသည့် စိန်ပုလဲရတနာဆိုင်မှ ဒေါ်အေးအေးမွန်အား အမှတ်တရ လက်ဆောင်ပေးအပ်သည်။

ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကျောက်စိမ်းအတွဲ ၁၅၉၂ တွဲ၊ ဈေးပြိုင်စနစ်ဖြင့် ကျောက်စိမ်းအတွဲ ၂၂၉ တွဲ စုစုပေါင်း ကျောက်စိမ်း ၁၈၂၁ တွဲကို ဒီဇင်ဘာ ၂၇ ရက်မှ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၃ ရက်အထိ ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

## မြန်မာ့လယ်ယာကဏ္ဍတွင် နည်းပညာမြင့် အရည်အသွေးမြင့် သီးနှံအခြောက်ခံစက်ကြီးများ ပြည်ပမှ တင်သွင်းအသုံးပြုလာ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

မြန်မာ့လယ်ယာကဏ္ဍတွင် ပြည်တွင်းနည်းပညာဖြင့် ပြုလုပ်ထားသော သီးနှံအခြောက်ခံစက်ကြီးများအပြင် အရည်အသွေးနှင့် နည်းပညာမြင့် စီးပွားဖြစ် သီးနှံအခြောက်ခံစက်ကြီးများ**(ယာပုံ)**ကို ပြည်ပမှ မှာယူတင်သွင်းအသုံးပြုလာကြကြောင်း မြန်မာဆန်စပါးအသင်း ဆန်စက်လုပ်ငန်းရှင်ကြီးများထံမှ သိရသည်။

တရုတ်နည်းပညာ၊ ဗီယက်နမ်နည်းပညာ သီးနှံအခြောက်ခံစက်များအပြင် မြန်မာ့လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားလျက်ရှိသည့် တောင်ကိုရီးယားနိုင်ငံမှလည်း အရည်အသွေးမြင့် နည်းပညာမြင့် စီးပွားဖြစ်ဆောင်ရွက်နိုင်သည့် သီးနှံအခြောက်ခံစက်ကြီးများကို မြန်မာနိုင်ငံဈေးကွက်သို့ တင်သွင်းဖြန့်ချိလာခဲ့ကြသည်။ ရာသီဥတုများဖောက်လွဲဖောက်ပြန်ဖြစ်မှု၊ မျှော်မှန်းမရနိုင်သော သဘာဝဘေးအန္တရာယ်များကျရောက်လာမှုတို့ကြောင့် လယ်ယာကဏ္ဍတွင် ခေတ်မီနည်းပညာသုံး သီးနှံအခြောက်ခံစက်များ အသုံးပြု၍ ဆုံးရှုံးမှု၊ လေလွင့်မှုနည်းပါးစေရန်၊ အထွက်နှုန်းတိုးစေရန် ဆောင်ရွက်လာကြသည်။ အချိန်အခါမဟုတ် မိုးရွာသွန်းမှုများကြောင့် သီးနှံလေလွင့်ဆုံးရှုံးမှုမရှိစေရန် အခြောက်ခံစက်များကို တစ်နိုင်တစ်ပိုင်အပြင် စီးပွားဖြစ်အဖြစ် ပြည်ပမှ မှာယူတင်သွင်းလာကြသည်။

ထိုသို့ မှာယူတင်သွင်းလာခဲ့ကြရာတွင် မြန်မာဆန်စက်ကုမ္ပဏီလီမိတက်နှင့် တောင်ကိုရီးယားနိုင်ငံ Sung San Industry Co.,Ltd. တို့ ပူးပေါင်း၍ စပါးနှင့် ပြောင်း အခြောက်ခံစက်အကြောင်း မိတ်ဆက်ရှင်းလင်းပြောကြားခြင်းနှင့် အသုံးပြုပုံ သရုပ်ပြခြင်းအခမ်းအနားကို ဒီဇင်ဘာလ ၂၄ ရက် နံနက်က လှိုင်သာယာစက်မှုဇုန်ရှိ Golden Lace ဆန်စက်တွင် ကျင်းပခဲ့သည်။ အခမ်းအနားသို့ မြန်မာနိုင်ငံ ဆန်စပါးအသင်း ဥက္ကဋ္ဌ ဦးချစ်ခိုင်၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးတင်ဝင်း၊ မြန်မာဆန်စက်ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများ၊ Sung San ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဆန်စက်ပိုင်ရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် အခြောက်ခံစက် အသုံးပြုခြင်းကြောင့် အားသာချက်များ၊ ဆန်အထွက်ကောင်းမွန်မှု၊ အရည်အသွေးကောင်း၊ ဈေးနှုန်းကောင်းသော ဆန်ရရှိကြိတ်ခွဲနိုင်မှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြပြီး မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးသောင်းဝင်းတို့က ဖြည့်စွက်ရှင်းလင်းပြခဲ့ပြီး လည်ပတ်အသုံးပြုနေပြီဖြစ်သော အခြောက်ခံစက်ကြီးကို ပြသရှင်းလင်းခဲ့ကြောင်း သတင်းရရှိသည်။ အဆိုပါ အခြောက်ခံစက်ကြီးများကို ဆန်စက်များနှင့် တွဲဖက်၍ တပ်ဆင်အသုံးပြုသွားမည်ဖြစ်ပြီး ပြည်ပဈေးကွက်ဝင် ဈေးကောင်းရ မြန်မာ့ပေါင်းဆန်စက်ရုံများတွင်လည်း ပြည်ပတင်ပို့မှု ထိရောက်စေရေးအတွက် အခြောက်ခံစက်ကြီးများ ထပ်မံဖြည့်စွက်သွားမည်ဟု သိရသည်။ (ဆုနှင်းလဲ့)



## ဒီဇင်ဘာအားကစားပွဲ တောင်တွင်းကြီး၌ ကျင်းပ

**တောင်တွင်းကြီး ဒီဇင်ဘာ ၂၆**

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်တွင်းကြီးမြို့ မြို့မမူကြိုကျောင်း ရင်သွေးငယ်များ၏ ကာယစွမ်းရည်ပြိုင်ပွဲအဖြစ် ဒီဇင်ဘာ အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၈ နာရီက မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သိန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မြင့်ဆွေနှင့် စေတနာလူမှုဝန်ထမ်းဦးစီးအရာရှိ ဦးအောင်ကျော်ငြိမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက်အားကစားနည်း ၁၁ မျိုးတို့ကို ရင်သွေးငယ် ကျောင်းသား၊ ကျောင်းသူများက အားကြိုးမာန်တက် ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ (၅၈၀)

## မြဝတီနယ်စပ် ကုန်သွယ်ရေးမှ ငါးရှဉ့်နှင့် ကဏန်း ပြန်လည်တင်ပို့

**ရန်ကုန် ဒီဇင်ဘာ ၂၆**

မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းကို ဒီဇင်ဘာ ၅ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ဒီဇင်ဘာ ၇ ရက်မှ စတင်လျက် ငါးရှဉ့်နှင့် ကဏန်းများပြန်လည်တင်ပို့ခဲ့ရာ ဒီဇင်ဘာ ၁၈ ရက်အထိ ငါးရှဉ့်နှင့်ကဏန်း အမေရိကန် ဒေါ်လာ ၂၁၀၀၀ ဖိုးစီ တင်ပို့ခဲ့ကြောင်း သိရှိရသည်။

ကဏန်းကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် သတ်မှတ်လျာထားချက်၏ ၈၉ ဒသမ ၆၁ ရာခိုင်နှုန်း၊ ငါးရှဉ့်ကို သတ်မှတ်လျာထားချက်၏ ၁၀၅ ဒသမ ၆၂ ရာခိုင်နှုန်း တင်ပို့ပြီးဖြစ်သည်။

ငါးရှဉ့်ကို သတ်မှတ်လျာထားချက်ထက် ကျော်လွန်ကာ တင်ပို့နိုင်ခြင်းမှာ ပြည်ပဈေးကွက်၌ ငါးရှဉ့်ဈေးကောင်းရနေခြင်းကြောင့်ဖြစ်ပြီး တင်ပို့သည့်တန်ချိန်မှာ ယခင်နှစ်ကထက် လျော့နည်းကြောင်း သိရှိရသည်။ (ညွန့်သန်း)

## ၂၀၁၁-၂၀၁၂ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်း ၂၄၁၆၉ ဒသမ ၃၃ ဧက ဖျက်ဆီးနိုင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၂၆**

၂၀၁၁-၂၀၁၂ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းများ ရှာဖွေဖျက်ဆီးလျက်ရှိရာ စက်တင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၁၃ ရက်အထိ ဘိန်းခင်း ၁၄၆၆၂ ဒသမ ၉ ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ နိုဝင်ဘာ ၁၄ ရက်မှ ၂၀ ရက်အထိ ဘိန်းခင်း ၉၅၀၆ ဒသမ ၄၃ ဧက ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း ဘိန်းခင်း ၂၄၁၆၉ ဒသမ ၃၃ ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ထပ်မံဖျက်ဆီးနိုင်ခဲ့သည့် ဘိန်းခင်း ၉၅၀၆ ဒသမ ၄၃ ဧကအနက် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်း၊ ဖယ်ခုံ၊ ဆီဆိုင်၊ တောင်ကြီး၊ ဟိုပုံး၊ မိုင်းကိုင်၊ မောက်မယ်၊ လွိုင်လင်၊ ကလောမြို့နယ်များအတွင်းမှ ၉၄၂၂ ဒသမ ၆ ဧက၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းနှင့်မိုင်းဆတ်မြို့နယ်များအတွင်းမှ ၆၃ ဒသမ ၂၅ ဧက၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့နယ်အတွင်းမှ ၁၉ ဒသမ ၅ ဧက၊ ကယားပြည်နယ် ဖရူဆိုမြို့နယ်အတွင်းမှ တစ်ဧက ဖျက်ဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

**၂၀၁၁-၂၀၁၂ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ၁-၉-၂၀၁၁ ရက်မှ ၂၀-၁၁-၂၀၁၁ ရက်အထိ ဘိန်းခင်း ဖျက်ဆီးနိုင်မှု အခြေပြဇယား**

| စဉ် | ပြည်နယ်/ တိုင်းဒေသကြီး | ၂၀၁၀-၂၀၁၁ခုနှစ် ဖျက်ဆီးမှု | | ၂၀၁၁-၂၀၁၂ခုနှစ် ဖျက်ဆီးမှု | |
|---|---|---|---|---|---|
| | | ဧက | ဟက်တာ | ဧက | ဟက်တာ |
| ၁ | ရှမ်းပြည်နယ် (မြောက်) | ၃၂၅၀. ၁ | ၁၃၁၅. ၂၉ | ၁၉. ၅ | ၇. ၈၉ |
| ၂ | ရှမ်းပြည်နယ် (တောင်) | ၈၈၄၃. ၅၃ | ၃၅၇၈. ၉၃ | ၂၄၀၁၈. ၀၈ | ၉၇၁၉. ၉၈ |
| ၃ | ရှမ်းပြည်နယ် (အရှေ့) | ၃၀၄၀. ၁၅ | ၁၂၃၀. ၃၃ | ၉၁. ၂၅ | ၃၆. ၉၃ |
| ၄ | ကချင် | ၂၀၉၂. ၃ | ၈၄၆. ၇၄ | - | - |
| ၅ | ကယား | ၉၃. ၅ | ၃၇. ၈၄ | ၄၀. ၅ | ၁၆. ၃၉ |
| ၆ | ချင်း | ၂၃. ၄၂ | ၉. ၄၈ | - | - |
| ၇ | မကွေး | - | - | - | - |
| ၈ | စစ်ကိုင်း | ၀. ၁၅ | ၀. ၀၆ | - | - |
| ၉ | မန္တလေး | ၉၇. ၁ | ၃၉. ၃ | - | - |
| | စုစုပေါင်း | ၁၇၄၄၀. ၂၅ | ၇၀၅၇. ၉၇ | ၂၄၁၆၉. ၃၃ | ၉၇၈၁. ၁၉ |



သန်လျင်မြို့ ထန်းပင်ကုန်းရပ်ကွက်(ဖို့မြေ)အမက မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၂၀ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသူ မမေစံပယ်အောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်အေး ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၅၂၇)

## ဇင်းကျိုက်ကျေးရွာ၌ မီးလောင်မှုဖြစ်ပွား အိမ်ခြေ ၁၂၄ လုံး မီးလောင်ဆုံးရှုံး၊ ၉၉၂ ဦး အိုးမဲ့အိမ်မဲ့ဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ဒီဇင်ဘာ ၂၅ ရက် ည ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းကျိုက်ကျေးရွာ အမှတ်(၂)ရပ်ကွက် သရဖီလမ်းနေ ဦးစိန်ကျော်၏ ပေ ၂၀×၃၀ သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း နေအိမ်၌ မီးအားမြှင့်စက်အသုံးပြုထားစဉ် ဗို့အားမြင့်တက်ပြီး အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ မီးလောင်မှုဖြစ်ပွားရာသို့ ပေါင်၊ မုတ္တမတို့မှ မီးသတ်ယာဉ် နှစ်စီး၊ မော်လမြိုင်မှ မီးသတ်ယာဉ် လေးစီး၊ အုပ်ချုပ်မှုယာဉ် တစ်စီး၊ ဇင်းကျိုက်ကျေးရွာမှ တစ်စီး၊ ပေါင်မြို့နယ် ရင်းငြိမ်ကျေးရွာမှ တစ်စီး၊ သထုံမီးသတ်တပ်ဖွဲ့ စခန်းမှ နှစ်စီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ ယနေ့ နံနက် ၃ နာရီတွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် အမှတ်(၂)ရပ်ကွက်မှ အဆောက်အအုံ ၁၀ လုံး၊ တိုးချဲ့(၁)ရပ်ကွက်မှ ခနိမိုး၊ ထရံကာ၊ တဲအိမ် ၁၁၄ လုံး စုစုပေါင်း ၁၂၄ လုံး၊ စပါးတင်း ၁၅၀ မီးလောင်ဆုံးရှုံးပြီး အိမ်ထောင်စု ၁၂၄ စုမှ ကျား ၃၇၂ ဦး၊ မ ၆၂၀ စုစုပေါင်း ၉၉၂ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်။

မီးဘေးဒုက္ခသည်များအား ရွှေဒဂုံ (အမက)ကျောင်း၌ ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိပြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ် တာဝန်ရှိသူတို့က လိုအပ်သည်များ ကူညီပံ့ပိုးပေးထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၇-၁၂-၂၀၁၁ (အင်္ဂါနေ့)**

AM & PM

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၄၀ "ဆီပြည့်အိုးအားကိုင်သွားရမယ်" တရားတော် (ဆရာတော်ဦးသောဘဏ) (စစ်ကိုင်း)
- ၆:၂၅ ရှင်တော်မဟာမုနိ. . . ဘဂဝါပူဇေမိ
- ၆:၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၆၈)**
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၂၁)**
- ၈:၅၀ Show Room (ဟာသဇာတ်လမ်းတွဲ) (အပိုင်း-၁၁)
- ၈:၅၅ မိုးကုတ်ဆရာတော်ကြီး၏ ခန္ဓာဝန်ချသောနေ့ ရွှေရတု အကြိုပူဇော်ပွဲ
- ၉:၁၀ Activities in The City
- ၉:၃၀ Cartoon Show Time
- ၉:၅၀ ရန်ကုန်မြင်ကွင်းကျယ်
- ၁၀:၁၅ စာပေမိတ်ဆက်ကဏ္ဍ "ထာဝရလန်းဆန်း ဆယ့်နှစ်ရာသီပန်းများ" (တင်ထွဋ်) စာအုပ်နှင့်မိတ်ဆက်ခြင်း
- ၁၀:၃၀ Celebrity Style
- ၁၀:၄၅ Activities in The City
- ၁၁:၀၀ အထက ရွှေတောင်မော်၏ မြတ်ဆရာပူဇော်ပွဲ
- ၁၁:၁၀ ရန်ကုန်မြင်ကွင်းကျယ်
- ၁၁:၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်"(အပိုင်း-၆)**
- ၁၂:၁၅ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ "ခြိမ်းခြိမ်းချစ်"
- ၁၂:၃၅ Activities in The City
- ၁:၀၀ "ဆီပြည့်အိုးအားကိုင်သွားရမယ်" တရားတော် (ဆရာတော်ဦးသောဘဏ) (စစ်ကိုင်း)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ ရယ်စရာဖေးရှင်း (အင်တာနက်ချစ်သူ)
- ၂:၅၀ ရန်ကုန်မြင်ကွင်းကျယ်
- ၃:၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၆၈)**
- ၄:၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၂၁)**
- ၅:၀၅ ဖောင်တော်ဦးဘုရားမှ ခေါင်းလောင်းသံ
- ၅:၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်"(အပိုင်း-၆)**
- ၆:၀၀ MRTV-4 သတင်း
- ၆:၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၆၉)**
- ၇:၁၅ Celebrity Choice
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ The Champion of Dance
- ၉:၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉:၃၀ Show Room (ဟာသဇာတ်လမ်းတွဲ) (အပိုင်း-၁၂)
- ၉:၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၂၂)**
- ၁၀:၂၅ စာအုပ်ပြခန်း
- ၁၀:၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်"(အပိုင်း-၇)**
- ၁၁:၁၅ အနုပညာမိုးကောင်းကင်
- ၁၁:၃၅ ရွှေမန်းမြေမှ ရွှေတြိဂံ
- ၁၁:၄၅ World of Knowledge
- ၁၂:၃၀ ထင်ရှားကျော်ကြား ရွှေဘိုပေါ်ဆန်းဘေးကျား
- ၁၂:၄၅ အများမြင်စရာနှစ်ပါးသဘင်မဟာ
- ၁:၂၅ ရှောင်လေဝေးဝေးအရက်ဘေး
- ၁:၄၀ ဧည့ဝတီရဲ့တေးနရီ ရသစုံလီရခိုင်စာပီ
- ၁:၅၅ အနုပညာနှင့် နည်းပညာ ပေါင်းစပ်ဖန်တီးထားတဲ့ကမ္ဘာလေး
- ၂:၂၅ သန့်စွာကိုင်လေ စက္ကူငွေ. . .
- ၂:၃၅ "ရွှေရောင်တောက်ပဖို့ မြေတောင်မြောက်ကြစို့" တောင်စွန်းမြို့ဦးပရဟိတ လူငယ်စောင့်ရှောက်ရေးဌာန
- ၂:၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၃:၅၅ မေတ္တာပန်းတို့မွှေးပျံ့စေ (ပြည့်စုံအောင်၊ မိုးပြည့်ပြည့်မောင်၊ ဦးအောင်ကျော်၊ ချိုပြုံး) (ဒါရိုက်တာ-ဓာတ်ပုံရဲမြင့်လွင်)
- ၄:၁၅ မွန်တို့မြေမှ ရေးဟောင်း အမွေအနှစ်တို့တည်ရှိရာ
- ၄:၃၅ ကြည်ညိုဖူးမြော် ပုဂံဘုရားစေတီတော်
- ၅:၀၀ အစီအစဉ်ပြီး။

# နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော်  ဒီဇင်ဘာ  ၂၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ယနေ့တွင် **၈၈-ပြည်သူ့အင်အားစုပါတီ (88- FORCES OF PEOPLE'S PARTY)** က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ ခိုင်ရွှေဝါလမ်းထောင့်၊ ၄၆ လမ်း၊ အမှတ်(၇၈) ၉၄-၁၅ တွင် ပါတီရုံးချုပ်တည်ရှိသော ၈၈-ပြည်သူ့အင်အားစုပါတီ(88-FORCES OF PEOPLE'S PARTY)က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၆-၁၂-၂၀၁၁ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**၈၈-ပြည်သူ့အင်အားစုပါတီ (88-FORCES OF PEOPLE'S PARTY)၏အလံပုံစံ**



**၈၈-ပြည်သူ့အင်အားစုပါတီ (88-FORCES OF PEOPLE'S PARTY)၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# CEO CLASSIC GOLF TOURNAMENT ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ CEO Group က အဓိက ကူညီပံ့ပိုးမည့် CEO CLASSIC GOLF TOURNAMENT ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၅ ရက်မှ ၈ ရက်အထိ ရန်ကုန်တိုင်း ဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ Royal Mingalardon Golf & Country Club ၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Professional အဆင့်နှင့် အပျော်တမ်းအဆင့်ပြိုင်ပွဲ (H' Cap 0-8) အဆင့်ရှိသူများသာ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး ပြိုင်ပွဲကို R&A Rules Limited (St. Andrew) ဂေါက်စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် ပြိုင်ပွဲဝင်ကြေးငွေကျပ် ၂၀၀၀၀ ပေးသွင်းပြီး ဇန်နဝါရီ ၂ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ရန်ကုန်မြို့ မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း ဥက္ကလာလမ်းနှင့် လေဆိပ်လမ်းထောင့် မရမ်းကုန်းမြို့နယ် ဖုန်း-၀၉-၂၀၃၇၆၇၁၊ ၀၉-၇၃၁၃၀၄၇၄ နှင့် ၆၅၁၃၇၄ တို့သို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲမှ အောင်မြင်သူများသည် (ZAYKABAR MYANMAR OPEN 2012) ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည့် အခွင့်အလမ်းတစ်ရပ် ရရှိမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# မြန်မာအိုးပင်း စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန်  ဒီဇင်ဘာ  ၂၆**

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပမည့် မြန်မာအိုးပင်းစစ်တုရင်ပြိုင်ပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ကြောင်းနှင့် ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် ဇန်နဝါရီ ၂၂ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ရုံး၌ စာရင်းပေးသွင်းနိုင်ပြီး မြန်မာအိုးပင်းစစ်တုရင်ပြိုင်ပွဲမှ လက်ရည်စစ်အောင်မြင်သူများသည် ၂၀၁၂ ခုနှစ် အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ကာ အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲမှ မြန်မာ့လက်ရွေးစင်များ ရွေးချယ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အပြည်ပြည်ဆိုင်ရာ နည်းပြသင်တန်း ဖွင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်နှင့် ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် အပြည်ပြည်ဆိုင်ရာ နည်းပြသင်တန်း (FIDE Trainer's Seminar) ကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၃ ရက်မှ ၁၈ ရက်အထိ ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ ဖွင့်လှစ်မည်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ နည်းပြသင်တန်းသို့ ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်မှ သင်တန်းနည်းပြဆရာနှစ်ဦး လာရောက်ပို့ချမည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာနည်းပြသင်တန်း တက်ရောက်ပြီးစီးပါက စာမေးပွဲဖြေဆိုရမည်ဖြစ်သည်။ အောင်မြင်ပါက ရရှိသည့်အဆင့်အလိုက် ဘွဲ့များရရှိနိုင်မည်ဖြစ်သည်

သင်တန်းတက်ရောက်လိုသူများသည် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၀ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ရုံးခန်းတွင် စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဦးမျိုးဇော်မင်း မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဖုန်း-၃၇၅၅၇၃ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)





**ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အားကစားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ကြီးမှူးကျင်းပသော ၂၀၁၁-၂၀၁၂ ပညာသင်နှစ် မြို့နယ်ပညာရေးမှူးဖလား U-10 ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၇ ရက်က ခရမ်းမြို့နယ် အားကစားကွင်း၌ ကျင်းပစဉ်။**

(ကြေးမုံ)

○ ကျောဖုံးမှ

ဒဏ်ရာရရှိနေသည့်အပြင် ဘာဘာတော့ဗ်မှာလည်း အသင်း၌ ဆက်လက်ရှိနေမည်မှာ မရေမရာဖြစ်နေ၍ တိုက်စစ်ကို အားဖြည့်ရန် ဟန်တယ်လ်လာကို ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

သို့သော် ဟန်တယ်လ်လာက မိမိသည် အခြားအသင်းများ၏ ကမ်းလှမ်းမှုကို စိတ်ဝင်စားခြင်းမရှိကြောင်း၊ မိမိနှင့် ရှော်ကေးအသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်မှာ ၂၀၁၃ ခုနှစ်မှ ကုန်ဆုံးမှာဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် အပြောင်းအရွှေ့ကိစ္စအတွက် မစဉ်းစားဘဲ မိမိခြေစွမ်းပိုမိုတိုးတက်ရေးကိုသာ အလေးထားကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

***အင်တာနက်။***

# ဘရာဇီးတိုက်စစ်မှူး အက်ဒရီယာနို အရက်မူးလွန်ပြီး အမျိုးသမီးတစ်ဦးအား သေနတ်ဖြင့်ပစ်ခတ်

**ရီယိုဒီဂျနေးရိုး ဒီဇင်ဘာ ၂၆**

ဘရာဇီးတိုက်စစ်မှူး အက်ဒရီယာနိုသည် အရက်မူးလွန်ပြီး အမျိုးသမီးတစ်ဦးအား သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

အသက်(၂၉)နှစ်အရွယ် အက်ဒရီယာနိုသည် ဒီဇင်ဘာ ၂၄ ရက် မနက် အစောပိုင်းက ရီယိုဒီဂျနေးရိုးမြို့ အနောက်ပိုင်းရှိ စားသောက်ဆိုင်တစ်ခုမှ အမျိုးသမီးလေးယောက်နှင့် ၎င်း၏ ကိုယ်ရံတော်နှင့်အတူ ပြန်ထွက်လာပြီးနောက် ကားထဲအရောက်တွင် ၎င်း၏ကိုယ်ရံတော်၏ သေနတ်ကို ယူ၍ အမျိုးသမီးတစ်ဦးအား ရုတ်တရက် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ဆိုသည်။

သေနတ်ဖြင့် အပစ်ခံခဲ့ရသူမှာ အသက်(၂၀)ရှိ အက်ဒရီနီပင်တိုဆိုသော အမျိုးသမီးဖြစ်ကြောင်း၊ သေနတ်ကျည်ဆန်မှာ သူမ၏ ဘယ်ဘက်လက်ကို ထိမှန်ခဲ့သဖြင့် ခွဲစိတ်မှုပြုလုပ်ရန်လိုအပ်ကြောင်း၊ သို့သော် အသက်အန္တရာယ် စိုးရိမ်ဖွယ်ရာမရှိကြောင်း ဆိုသည်။

အခင်းဖြစ်ပွားခဲ့သည့် အချိန်တွင် အက်ဒရီယာနိုမှာ အမူးလွန်နေခဲ့ကြောင်း၊ ယင်းကြောင့် ယခုကဲ့သို့ မလိုလားအပ်သည့် ပြဿနာများ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲအရာရှိတစ်ဦးက ဆိုသည်။



*ဘရာဇီးတိုက်စစ်မှူး အက်ဒရီယာနို*

အက်ဒရီယာနိုသည် ဘရာဇီးအသင်းတွင် ၄၈ ပွဲ ကစားခဲ့ပြီး ၂၇ ဂိုး သွင်းယူနိုင်ခဲ့သည့်အပြင် အင်တာမီလန်၊ ဖီအိုရင်တီးနားနှင့် ပါးမားအသင်းတို့တွင်လည်း အကောင်းဆုံးပုံစံဖြင့် ကစားသွားနိုင်ခဲ့သူဖြစ်သည်။

သို့သော် ၎င်းသည် အရက်အလွန်အကျွံသောက်ခြင်းနှင့် ခန္ဓာကိုယ်အလေးချိန်တိုးလာခြင်းတို့ကြောင့် ယခုလက်ရှိကစားနေသည့် ကိုရင်သီယန်အသင်းတွင် ပွဲထွက်ခွင့် တစ်နေရာအတွက် လုံးပန်းနေရသည်။

***အင်တာနက်။***

# အသားတိုးကြက် လက်လီရောင်းသူများ အသင်းဝင်နိုင်ရန် စီစဉ်ဆောင်ရွက်နေ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ရန်ကုန်မြို့အတွင်းရှိ ဈေးကွက်များတွင်ရှိသော အသားတိုးကြက် လက်လီရောင်းချသူများကိုလည်း အသင်းဝင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက သားငါးဆိုင်ရာလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲအခမ်းအနား ၄၄/၂၀၁၁ တွင် ပြောကြားသည်။

မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်အောက်တွင် အသားတိုးကြက်ထုတ်လုပ်မွေးမြူသူများအသင်းကို ဖွဲ့စည်းထားခြင်းဖြစ်ရာ ရောင်းချသူများပါ အသင်းဝင်ဖြစ်လာစေရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအောက်ရှိ ဈေးများမှ ဈေးတာဝန်ခံရုံးများ၏အကူအညီဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ စုစည်းလုပ်ဆောင်ခြင်းဖြင့် အသားတိုးကြက်မွေးမြူထုတ်လုပ်သည်မှ ရောင်းချသည်အထိ ဈေးကွက်တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်စေရန် အခြေအနေကောင်းများ ဖန်တီးနိုင်မှာဖြစ်သကဲ့သို့စားသုံးသူများအတွက်လည်း သင့်တင့်သော ဈေးနှုန်းအခြေအနေတစ်ရပ် ဖော်ဆောင်ပေးနိုင်မှာဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။ ယခုအခါအသားတိုးကြက်ခြံဈေးမှာ ထုတ်လုပ်မှု ကုန်ကျစရိတ်အောက် လျော့နည်းနေခြင်းကြောင့် မွေးမြူသူများရှုံးနေကြကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

(၆၈၀)

# အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

**ဟိန်းထက်လင်း**

## သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

# သုံးယောက်စီးလာသည့်ဆိုင်ကယ် စက်ဘီးကိုဝင်တိုက်

**ရေတာရှည်  ဒီဇင်ဘာ  ၂၆**

အရက်သေစာသောက်စားပြီး လူသုံးယောက်စီးနင်းလာသည့် ဆိုင်ကယ်က ရှေ့မှသွားနေသော စက်ဘီးစီးနင်းသူကို ဝင်ရောက်တိုက်မိ၍ တစ်ဦးသေ၊ တစ်ဦးပြင်းထန်စွာ ဒဏ်ရာရခဲ့သော ဖြစ်ရပ်တစ်ခု ဒီဇင်ဘာ ၂၄ ရက် ည ၁၁ နာရီ ၁၀ မိနစ်က ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရန်ကုန်-မန္တလေး(ပုံမှန်) ကားလမ်းအတိုင်း တောင်မှ မြောက်သို့ ဇော်အောင်ထူး(၂၃)နှစ် (ဘ) ဦးကျော်မြင့် သဝန်ငယ်ရပ်ကွက် ကေတုမတီမြို့သစ်နေသူ မောင်းနှင်ပြီး နောက်မှ မျိုးလှိုင်ဝင်း (၂၀)နှစ် မြောက်နန်ချွန်ရွာ ရေတာရှည်မြို့၊ သက်နေဝင်း(၂၄)နှစ် မင်းကြီးဆွေရပ်ကွက် ကေတုမတီမြို့သစ်တို့ စီးနင်းလိုက်ပါလာသော လိုင်စင်(စိစစ်ဆဲ) ဆိုင်ကယ်သည် မိုင်တိုင်အမှတ် ၁၈၈/၁ နှင့် ၁၈၈/၂ အကြား နန်ချွန်အရှေ့ကျေးရွာအနီးတွင် ရှေ့မှ စက်ဘီးစီးနင်းလျက်သွားနေသည့် ဦးစိုးနိုင် (၄၂)နှစ် ဘအင်းကုန်းရွာ ရေတာရှည်မြို့နေသူကို အရှိန်ဖြင့် ဝင်ရောက်တိုက်မိခဲ့သည်။ ယာဉ်တိုက်မှုကြောင့် စက်ဘီးစီးနင်းသူ ဦးစိုးနိုင်တွင် ဝဲမျက်ခုံးပေါက်ပြဲဒဏ်ရာ၊ ဦးခေါင်းနောက်စေ့ ကွဲအက်ဒဏ်ရာများရရှိခဲ့ပြီး ရေတာရှည်မြို့နယ် ဆေးရုံအရောက်တွင် သေဆုံးသွားခဲ့သည်။

ဆိုင်ကယ်မောင်းနှင်သူ ဇော်အောင်ထူးမှာ နှာခေါင်းသွေးထွက်ဒဏ်ရာ၊ ယာတံတောင်ပွန်း၊ ယာလက်ခုံပွန်း၊ ဝဲခြေဖမိုးပွန်း၊ ယာနှုတ်ခမ်းအထက်ပွန်းပဲ့ဒဏ်ရာ (စိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့ပြီး ရေတာရှည်မြို့နယ် ဆေးရုံမှတစ်ဆင့် တောင်ငူပြည်သူ့ဆေးရုံကြီးသို့ ညတွင်းချင်း လွှဲပြောင်းတင်ပို့ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရေတာရှည်ရဲစခန်းမှ (ပ)၂၇၇/၂၀၁၁ ပုဒ်မ-၃၃၈/၃၀၄-က ဖြင့် အမှုဖွင့် ဆောင်ရွက်ထားကြောင်း သိရသည်။ (၅၇၈)

# ဂက်စ်အိုးဓာတ်ငွေ့ဖလှယ်ရာမှ မီးလောင်မှုဖြစ်ပွား သုံးဦးဒဏ်ရာရ

**ပုသိမ်  ဒီဇင်ဘာ  ၂၆**

ပုသိမ်မြို့ ကမ်းနားလမ်း (၂)ရပ်ကွက် ငွေဆောင်ဇက်ဆိပ် ဈေးဆိုင်တန်းရှိ ဦးအောင်မြင့်ပိုင် ရွှေမြင့်မိုရ်သံထည်နှင့် စတီးပစ္စည်းအရောင်းဆိုင်၌ ဒီဇင်ဘာ ၆ ရက်က ဂက်စ်အိုးဓာတ်ငွေ့လဲလှယ်ရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွားကြောင်း သိရသည်။

အဆိုပါ မီးလောင်ကျွမ်းမှုဖြစ်ပွားရာသို့ ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်စိုး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်အင်အား ၅၀ နှင့် မီးသတ်ကား ခုနစ်စီး အချိန်နှင့်တစ်ပြေးညီ မီးငြိမ်းသတ်နိုင်မှုကြောင့် မိနစ် ၄၀ အတွင်း မီးငြိမ်းသွားသည်။ ဆိုင်ခန်းနှစ်ခန်းနှင့် ကူးစက်တစ်ခန်း မီးလောင်ပျက်စီးဆုံးရှုံးကြောင်း၊ မီးလောင်ကျွမ်းမှုကြောင့် ရွှေမြင့်မိုရ်သံဆိုင်မှ ဓာတ်ငွေ့အိုးလဲလှယ်ကြသူ အောင်ဇော်မင်း (၂၆) နှစ်၊ အောင်အောင် (၂၂)နှစ်၊ ဝေလင်းဦး (၂၃) နှစ်တို့ သုံးဦးမှာ မီးလောင်ဒဏ်ရာများရရှိသဖြင့် ပုသိမ်ဆေးရုံကြီးသို့ တင်ပို့ကုသခဲ့ရသည်။

ယင်းမီးလောင်ကျွမ်းမှုနှင့် ပတ်သက်၍ အသည်ကြီးရဲစခန်းက (ပ)၃၁၇/၂၀၁၁ ပြစ်မှုပုဒ်မ ၂၈၅ ဖြင့် အရေးယူထားကြောင်း သိရသည်။ (၅၅၂)





မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း အားကစားဝန်ကြီးဌာန (၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ လက်ခံကျင်းပချိန်တွင် ယခုအောင်မြင်မှုထက်ပိုမို၍ ရွှေတံဆိပ်ဆုများရရှိရေး ရည်မှန်းချက်ထား

နေပြည်တော် ဒီဇင်ဘာ ၂၆

**အားကစားဝန်ကြီးဌာန (၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ဇနီး မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ငွေငွေငြိမ်း၊ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီအတွင်းရေးမှူး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဌာနခွဲအသီးသီးမှဝန်ထမ်းများ၊ ဆုရရှိသောအားကစားသမားများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အားကစားဝန်ကြီးဌာနကို ၁၉၉၆ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် စတင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သဖြင့် (၁၅)နှစ်တာကာလ ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ ဝန်ကြီးဌာနရှိ အရာထမ်း/အမှုထမ်းများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများ၏ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှုကြောင့် ပြီးခဲ့သည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံအလိုက် အဆင့်(၇)ကို ပြန်လည်ရရှိခဲ့ကြောင်းနှင့် (၂၇)ကြိမ်မြောက်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆**

## ၂၀၁၁ ခုနှစ် နှစ်လယ်
## မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာကျောက်စိမ်းခန်းမ၌ ဒုတိယမြောက်နေ့အဖြစ် ဆက်လက်ကျင်းပသည်။

အဆိုပါ ၂၀၁၁ ခုနှစ် နှစ်လယ်ကျောက်မျက်ရတနာပြပွဲသို့ ယနေ့အထိ ပြည်တွင်းပြည်ပ ရတနာကုန်သည် ၅၄၀၀ ကျော် တက်ရောက်ကြပြီး ပြည်တွင်းပြည်ပ ရတနာကုန်သည်များက ကျောက်မျက်နှင့် ပုလဲအတွဲများကို စိတ်ဝင်တစားကြည့်ရှုလေ့လာ၍ အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် အပြိုင်အဆိုင် ဝယ်ယူကြသည်။

အလားတူ ဒီဇင်ဘာ ၂၇ ရက်မှ စတင်ရောင်းချမည့် ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြသည်။

ရတနာကုန်သည်များ အဆင်ပြေချောမွေ့စွာ ကြည့်ရှုလေ့လာဝယ်ယူနိုင်ရေးအတွက် ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး ဦးသိန်းဆွေနှင့် ပြပွဲဗဟိုကော်မတီဝင်များက လိုက်လံကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့အထိ အိတ်ဖွင့်တင်ဒါစနစ်နှင့်ဈေးပြိုင်စနစ်များဖြင့် ပုလဲအတွဲပေါင်း ၂၁၃ တွဲနှင့် ကျောက်မျက်အတွဲပေါင်း ၃၉ တွဲတို့ ရောင်းချရပြီး ညနေပိုင်းတွင်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**



ပြည်တွင်း ပြည်ပ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

## ဘင်္ဂလားပင်လယ်အော်ရှိမုန်တိုင်းငယ် မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

*ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ချင်းနိုင် (Chennai) မြို့၏ အရှေ့တောင်ဘက် မိုင် ၄၈၀ ခန့်အကွာ (မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် မိုင် ၅၆၀ ခန့်အကွာ) ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာနိုင်ပြီး အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။*

*မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိဟု သတ်မှတ်သည်။*

*မုန်တိုင်းငယ်၏ အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။* (သတင်းစဉ်)

### နိုင်ငံတကာအားကစား

## ရှော်ကေး၌သာ ဆက်လက်နေလိုကြောင်း ထုတ်ဖော်ပြောကြားလာသည့် ဟန်တယ်လ်လာ

**အမ်စတာဒမ် ဒီဇင်ဘာ ၂၆**

နယ်သာလန်တိုက်စစ်မှူး ဟန်တယ်လ်လာ **(ယာပုံ)** သည် ပရီမီယာလိဂ်ထိပ်သီးကလပ် မန်ယူအသင်း၏ ကမ်းလှမ်းမှုကို ငြင်းပယ်လိုက်ပြီး လက်ရှိဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ရှော်ကေး၌သာ ဆက်လက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု သတင်းတစ်ရပ်က ဆိုသည်။

အသက်(၂၈)နှစ်အရွယ် ရှော်ကေးတိုက်စစ်မှူးသည် ယခင်ကလပ်များဖြစ်သည့် ရီးယဲလ်မက်ဒရစ်နှင့် အေစီမီလန်တို့တွင်ရှိစဉ်က ပုံမှန်ခြေစွမ်းရရှိရန် ရုန်းကန်ခဲ့ရသော်လည်း ယခု ဂျာမန်ကလပ်တွင် အကောင်းဆုံးပုံစံဖြင့် ခြေစွမ်းပြနေကာ ယခုနှစ်ဘောလုံးရာသီအတွင်း ၁၅ ဂိုးထိ သွင်းယူနိုင်ခဲ့သည်။

မန်ယူနည်းပြ ဖာဂူဆန်သည် အသင်း၏တိုက်စစ်မှူးများဖြစ်သည့် ဒန်နီဝဲလ်ဘက်၊ ဟာနန်ဒက်ဇ်နှင့် မိုက်ကယ်အိုဝင်တို့

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍**



ယနေ့သတင်းအညွှန်း

## တွမ်ခရုစ်၏ ဇာတ်ကား ပရိသတ်အားပေးမှု အများဆုံးနေရာတွင် ရပ်တည်

အနုပညာသတင်း စာမျက်နှာ - ၃

## ချီးမြှင့်ဂုဏ်ပြု အမျိုးသားစာပေရတု

❝ချီးမြှင့်ထိုက်သူကို ချီးမြှင့်ခြင်းသည် မင်္ဂလာတရားနှင့် ညီညွတ်လှပေသည်❞

ဆောင်းပါး စာမျက်နှာ - ၆

## ဘာရာဇီးတိုက်စစ်မှူး အက်ဒရီယာနို အရက်မူးလွန်ပြီး အမျိုးသမီးတစ်ဦးအား သေနတ်ဖြင့်ပစ်ခတ်

သတင်း စာမျက်နှာ - ၁၀

## ပဟေဠိဆန်သော သတ္တုဘောလုံးကို ဒိုးပုံ့ယာဉ်၏ လောင်စာကန်အဖြစ် အတည်ပြု

❝ဂြိုဟ်တုများလွှတ်တင်ရာ၌ အသုံးပြုသော ဒိုးပုံ့ယာဉ်များတွင် တပ်ဆင်ထားလေ့ရှိသော လောင်စာကန်ဖြစ်❞

နိုင်ငံတကာသတင်း စာမျက်နှာ - ၅